မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး နှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက် မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည်မြင့်မားရေး

ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ(သာဂရ)ကို ဤသို့ ခံ့ထည်စွာ မြင်တွေ့ရသည်မှာ....။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

လက်တွေ့လုပ်ငန်းခွင်၌ အသုံးပြုသူများ အကြိုက်တွေ့စေမည့် သာဂရစက်မှုနယ်မြေမှ ဘက်စုံသုံး ဒီဇယ်အင်ဂျင်များ

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး

နေပြည်တော် ဇန်နဝါရီ ၈

ပဲခူးတိုင်း ရေတာရှည်မြို့နယ်အတွင်းသို့ မိမိတို့သတင်းအဖွဲ့ လိုက်ပါလာသော မော်တော်ယာဉ် ဝင်ရောက်လာပြီး မကြာမီ သာဂရမြို့ ကိုးပင်ကွေ့ကားလမ်းသို့ ချိုးကွေ့လိုက်သည်နှင့် ထင်ရှားစွာ ရေးသားထားသော ဆိုင်းဘုတ်ကို မြင်တွေ့လိုက်ရသည်။

'သာဂရ စက်မှုနယ်မြေသို့'

ဖြောင့်ဖြူးသော ကတ္တရာလမ်းအတိုင်း လေးမိုင်ခန့် မောင်းဝင်ခဲ့ရာ ကျယ်ပြန့်သော သာဂရစက်မှုနယ်မြေအတွင်း ကြီးမားသော စက်ရုံ၊ အလုပ်ရုံများကို အံ့သြစွာ မြင်တွေ့လိုက်ရသည်။ သစ်လွင်တောက်ပသော ဆေးရောင်များနှင့် ခံ့ထည်နေသည့်စက်ရုံ အဆောက်အအုံများက အစီအရီဖြင့်....။

တွေ့ဆုံမေးမြန်း

စက်ရုံတစ်ရုံ၏အဝင်၌ မော်တော်ယာဉ်ရပ်သဖြင့် ဆင်းလိုက်ရာ မကြာမီဖွင့်လှစ်ခဲ့သည့် ဘက်စုံသုံးဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ(သာဂရ)ဖြစ်နေသည်။ စက်ရုံအဆောက်အအုံများကို ခေတ္တရပ်ကြည့်ပြီးနောက်

စာမျက်နှာ ၈ ကော်လံ ၁ ●

ဘက်စုံသုံး ဒီဇယ်အင်ဂျင် အစိတ်အပိုင်းများကိုခေတ်မီ စက်ကြီးများဖြင့် ဤသို့ တပ်ဆင် ပြုလုပ်နေသည်။
ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း)

အလှဖြာဝေ သန်လျင်မြေ

သတင်းခရီးသည် - သတင်းထောက်-စဥ္စကူစိုးဝင်း
ဓာတ်ပုံမှတ်တမ်း - သန်းဝင်း(သန်လျင် ပြန်/ဆက်)
စာမျက်နှာဖွဲ့စည်းမှု - လွဲလွဲဝင်း (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၈

မြစ်မြင်လျှင် တံတားဆောက်၊ တောင်မြင်လျှင် လမ်းဖောက်ဆိုသည့် စကားအတိုင်း လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့မှုကြောင့် နိုင်ငံ တစ်ဝန်း မြို့ပြနှင့် ကျေးလက်တို့ ချိတ်ဆက်မိပြီး အရှိန်အဟုန်ဖြင့် တိုးတက် ဖွံ့ဖြိုးခဲ့လေပြီ။ သတင်းခရီးသည် နိုင်ငံအနှံ့ ခရီးထွက်ခဲ့ရာမှ မကြာမီက ရန်ကုန်မှ သန်လျင်မြို့သို့ ရောက်ရှိခဲ့သည်။ ယခင်ကာလက သန်လျင်မြို့သို့ ရန်ကုန်မှ သွားရောက်ရာတွင် အမြင်နီးလျက် ရန်ကုန်မြစ်နှင့် ပဲခူးမြစ် ခြားကာ အနေဝေးခဲ့ရသည်။

စာမျက်နှာ ၆ ကော်လံ ၁ *

သန်လျင်မြို့ဝင် ဆိုင်းဘုတ်နှင့် မြေယာရှုခင်းအလှ ပသာဒ မြင်ကွင်း။ ဓာတ်ပုံမှတ်တမ်း-သန်းဝင်း(သန်လျင် ပြန်/ဆက်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၉ ရက်)

အိမ်တွင်းမှု သက်မွေးပညာရပ်များမှသည်နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးသို့ ဦးတည်

အိမ်တွင်းမှု သက်မွေးလုပ်ငန်းများသည် ရှေးဦးကာလကပင် မိသားစုတစ်စု၏ အသက်မွေးမှုကို များစွာအထောက်အကူပြုခဲ့သည်။ စက်ချုပ်ခြင်း၊ ဇာထိုးပန်းထိုးခြင်း၊ ကြိမ်ဝါးထိုးခြင်း၊ ပန်းချီပန်းပုစသည့် ပန်းဆယ်မျိုးရေးဆွဲထုလုပ်ပုံဖော်ခြင်းတို့သည် မိသားစု၏ဝင်ငွေကို တိုးပွားစေပြီး စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုပေးနိုင်ခဲ့သည်။

ယခုအခါ နိုင်ငံတော်က ပြည်နယ်နှင့်တိုင်းများတွင် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများကို ဖွင့်လှစ်ထားရှိပြီး အမျိုးသမီးငယ်များအတွက် အိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ အိမ်တွင်းလက်မှု(ကြိမ်၊ ဝါး)တို့ကို သင်ကြားပို့ချပေးလျက်ရှိသည်။

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ဒီဇင်ဘာလ ၂၀ရက်နေ့က အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၉)၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၃)၊ အိမ်တွင်းမှုလုပ်ငန်း(ကြိမ်၊ဝါး) သင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲများ ကျင်းပခဲ့သည်။

အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားခြင်း၏ ရည်ရွယ်ချက်သည် နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများကို အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာရပ်များ သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် သက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန်တို့ ဖြစ်သည်။

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်စောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးလေးများ ဖြစ်လာစေရန် ၊ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်နေသည့် အမျိုးသမီးလေးများ ဖြစ်လာစေရန်နှင့် ရိုးရာယဉ်ကျေးမှု အိမ်တွင်းအတတ်ပညာများ ပိုမိုထွန်းကားပြန့်ပွားလာနိုင်မည် ဖြစ်သည်။

နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများသည် အိမ်တွင်းမှုသက်မွေးပညာရပ်များကို သင်ကြားတတ်မြောက်ခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်မှထားရှိသော စေတနာမေတ္တာကို သိမြင်နားလည်ပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ ပိုင်းဝန်းလက်တွဲ ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၉-၁-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနွဲ့ဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ**(အပိုင်း-၁၃)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ချစ်ခြင်း၏ အဆုံးသတ်၌** ပြေတီဦး၊ မို့မို့မြင့်အောင်၊ ရတနာခင် ဒါရိုက်တာ-ကိုဇော် (အရဏ်ဦး)
- ၁၃:၃၀ ၆။ ကျန်းမာသုတ
- ၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၅၇)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
- ၄:၂၀ ၄။ မြန်မာသံစဉ် ချိုနွဲ့ဝင်
- ၄:၃၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၅:၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၂။ **စားဖိုဆောင်ချစ်သူ**
- ၆:၄၅ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၃၇)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အင်္ဂလိပ်စာသုတ
- ၂၀။ လူရွှင်တော်စတား
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **လှုငယ်ပေါင်းချိန် (တတိယတွဲ) (အပိုင်း-၄၅)** (ဇာတ်သိမ်း)

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဈေးမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့် ဆောင်ရွက်မှုကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဆင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဦးခင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးမျိုးနိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲဆုချီးမြှင့်

နေပြည်တော်တပ်ကုန်း ဇန်နဝါရီ ၈

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် မွန်းလွဲ၁နာရီက နေပြည်တော်တပ်ကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ နေပြည်တော်တပ်ကုန်း မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်က အမှာစကားပြောကြားသည်။

ထို့နောက်အမြွှာပြိုင်ပွဲ၊ စံပြမိခင်ဆု၊ မွေးကင်းစမှခြောက်လ၊ ခြောက်လမှတစ်နှစ်၊ တစ်နှစ်မှတစ်နှစ်ခြောက်လ၊ တစ်နှစ်ခြောက်လမှနှစ်နှစ်အထိ ကျား၊ မပြိုင်ပွဲ၊ ပေါင်ပိုဆု၊ လွတ်လပ်ရေးမောင်မယ်ဆု ရရှိသူများအား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်မျိုးမျိုးကျော်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ကျန်းမာရေးဌာနမှ ဒေါက်တာထက်ထက်ကျော်၊ ဒေါက်တာအဲမွန်ထွန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(အောက်ပုံ) (ဝ၉၁)

ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဇန်နဝါရီ ၈

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်းနှင့် ဦးထွန်းအောင်၊ ပထမ ပုဂ္ဂလိကဘဏ် ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်၊ မြဝတီဘဏ်လီမိတက် ဒုတိယမန်နေဂျင်း ဒါရိုက်တာ ဦးထွန်းကြည်၊ မြန်မာနိုင်ငံသားများဘဏ် မန်နေဂျင်းဒါရိုက်တာ ဦးမျိုးဦး၊ အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်နှင့် ဦးပေါဟိန်းတို့အား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ Bank for Investment and Development of Vietnam (BIDV) မှ Assistant Vice President Mr. Vuong Thanh Long ခေါင်းဆောင်၍ အဖွဲ့ဝင် နှစ်ဦးတို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၁ရက်က ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ဇန်နဝါရီ ၁၄ရက်မှ ၁၆ရက်အထိ ဗီယက်နမ်စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင် ၆၀ခန့် ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်၍ ဇန်နဝါရီ ၁၆ရက်တွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ မြန်မာ စီးပွားရေး လုပ်ငန်းရှင်များနှင့် အပြန်အလှန် စီးပွားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာ၊ သဘောတူညီချက်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေး လုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးရန် ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ဗီယက်နမ်စီးပွားရေး လုပ်ငန်းရှင်များထဲတွင် ဘဏ်လုပ်ငန်း၊ သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းနှင့် ရေနံနှင့် ဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်း၊ လေကြောင်းပို့ဆောင်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာလုပ်ငန်း၊ အခြေခံအဆောက်အအုံလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းနှင့် မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်း၊ ငါးမွေးမြူရေးနှင့် ရေထွက်ပစ္စည်းလုပ်ငန်း၊ ဆောက်လုပ်ရေးပစ္စည်းလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းစသည်တို့နှင့် စပ်လျဉ်းသည့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်လာကြမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ဗီယက်နမ်စီးပွားရေး လုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများအလိုက် အကျိုးတူ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်နှင့် တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်ရန် စိတ်ဝင်စားသော မြန်မာစီးပွားရေး လုပ်ငန်းရှင်များသည် UMFCCI သို့ အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးမှ မြို့နယ်ဦးစီးမှူး ဦးသိန်းတန်အောင် ဦးဆောင်သော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ စစ်တွေမြို့နယ် ကုန်ထန်းရပ်ကွက်တွင် ဒီဇင်ဘာ ၂၆ရက်က နယ်လှည့် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(ခရိုင် ပြန်/ဆက်)

ရခိုင်သဟာယအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်ခေါ်ကျွေးမွေးမည်

အစည်းအဝေးတွင် အသက် (၇၅)နှစ် ပြည့်ပြီး အသင်းနာယကများ၊ အလုပ်အမှုဆောင်ဟောင်းများနှင့် အသက် (၈၀)ပြည့်ပြီး အသင်းသား အသင်းသူများအား ဂါရဝပြု ပူဇော်ကန်တော့မည်ဖြစ်ရာ အသင်းဝင်များသည် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ကြောင်း၊ အလှူငွေထည့်ဝင်လိုသူများနှင့် ပူဇော်ခံသက်ကြီးအမည်စာရင်း ပေးသွင်းလိုသူများသည် ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထားပြီး ဥက္ကဋ္ဌ ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်ရင် ဖုန်း-၃၇၆၈၄၈၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀-၀၁၁၈၀၊ ဦးဘိုးတင် ဖုန်း-၂၉၀၃၅၅၊ ၀၉-၅၀-၀၆၉၂၆၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁-၄၀၄၀၇၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀-၀၆၈၂၀၊ အတွင်းရေးမှူး ဦးသာမြကျော် ဖုန်း-၀၉- ၅၁-၅၅၄၁၉ နှင့် နီးစပ်ရာ အမှုဆောင်များထံ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ရခိုင်ရိုးရာထမင်းဟင်းလျာများဖြင့် ဧည့်ခံကျွေးမွေးမည် ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံ အကြီးအကဲများ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်-

ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အာဆစ်ဖ်အလီ ဇာဒါရီထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပါကစ္စတန်အစိုးရနှင့် ပြည်သူများရော မိမိအနေဖြင့်ပါ အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့အပ်ပါကြောင်း၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့သည် ညီနောင်ပူးပေါင်းဆောင်ရွက်သည့် ဆက်ဆံရေးများ တိုးတက်ခဲ့ပါကြောင်း၊ လာမည့်နှစ်များအတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမှာ ပိုမိုခိုင်မြဲလာမည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့်ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့လည်း ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆာအိဒ်ယူဆက်ဖ် ရာဇာဂီလာနီထံမှ သဝဏ်လွှာပေးပို့ထားသည်။

အိန္ဒိယသမ္မတနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ထားသည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင်ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် နှစ်ရာနှင့်ချီ၍ ချစ်ကြည်ရင်းနှီးခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက်ဇီလာရာမန်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူလိုက်လှဲစွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို တန်ဖိုးထားပါကြောင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားနိုင်မည်ဟု ယုံကြည်မိပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့လည်း ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စစ်ရှိတ်ဟာဆီနာထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ ။ **(မြန်မာ့အလင်း)**

ဘူမိဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၈

၁၉၈၁ ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် ဘူမိဗေဒကျောင်းသားဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်(စနေနေ့) နံနက် ၉ နာရီတွင် အမှတ် ၁၆၄/၁၆၈ ဝါးတန်းလမ်း(အထက်)ရှိ Doreen Burger & Snacks ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးညီညီ ဖုန်း-၀၉-၅၀-၁၉၆၄၃၊ ဦးရဲမြတ်စိုး ဖုန်း-၀၉-၅၀-၁၈၆၂၅၊ ဦးဇော်ဝင်းဦး ဖုန်း-၀၉-၅၀-၀၄၄၄၅၊ ဦးမြတ်ဇော် ဖုန်း-၀၉-၈၀ -၂၂၁၁၁၊ ဦးကျော်ရှိန်သန်း ဖုန်း-၀၉-၅၁-၈၃၁၂၃၊ ကိုညွန့် ဖုန်း-၇၂၅၇၃၆၊ ဦးဉာဏ်မင်းဒင် ဖုန်း- ၀၉-၅၁-၈၂၆၆၉၊ ဦးမျိုးသန့် ဖုန်း-၀၉- ၅၁-၄၁၄၈၀၊ ဦးသော်တာဆွေ ဖုန်း- ၇၀၁၁၈၇၊ ဦးစောမြင့် ဖုန်း-၀၉-၅၀- ၄၂၁၈၆နှင့် ဦးဝင်းမောင် ဖုန်း-၀၉-၅၁-၇၃၀၈၀၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

Supercool Retread Tyre ပြခန်း ကုန်စည်ပြပွဲတွင် ပါဝင်ပြသလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ SMART BUSINESS GROUP က ကြီးမှူး၍ Yangon Expo' 2010 ကုန်စည်ပြပွဲကို နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ပြသလျက်ရှိရာ KYI Brothers Industries Co., Ltd. မှ Supercool Retread Tyre ပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။ (အပေါ်ပုံ)

အဆိုပါ ပြခန်းတွင် မော်တော်ကား တာယာတစ်လုံး ပန်းသားကုန်သည်အထိ မောင်းနှင်ပြီးသည့်အခါ စွန့်ပစ်လိုက်ရမည့်အစား တာယာအဟောင်းပေး၍ တာယာအကောင်းပြန်လည်ရယူနိုင်မည့် အအေးပေါင်းစနစ်ဖြင့် တာယာပန်းသား အသစ်တင်ခြင်းကို ပြသထားသည်။ KYI Brothers Industries Co., Ltd.က တစ်နေ့လျှင် တာယာအလုံး ၂၀၀အထိ ထုတ်လုပ်နိုင်သော ခေတ်မီစက်ကြီးများဖြင့် Supercool အမှတ်တံဆိပ် (Retread Tyre) များကို ၂၀၀၈ ခုနှစ် ဇွန်လမှစတင်၍ ထုတ်လုပ်လျက်ရှိသည်။

အာမခံချက်ပေး

Supercool အမှတ်တံဆိပ် တာယာပန်းသားကို မလေးရှားနိုင်ငံ၌ အဆင့်မြင့်ဂျာမနီနည်းပညာဖြင့် TUV ISO 9001 နှင့်အညီ ထုတ်လုပ်ထားပြီး နိုင်ငံပေါင်း ၄၅နိုင်ငံတွင် အသုံးပြုလျက်ရှိသည်။ အပူရှိန်မြင့်တက်လာမှု ၄၀ ရာခိုင်နှုန်းလျော့နည်းစေသောကြောင့် ရာသီမရွေး အသုံးပြုနိုင်သည်။ တာယာစားနှုန်း အထူးသက်သာသည်။ ပန်းသားလန်ခြင်း၊ ကွာခြင်း၊ ကွင်းလိုက်ကျွတ်ထွက်ခြင်း လုံးဝမရှိသောကြောင့် ပထမတန်းစား တာယာအသစ်များကဲ့သို့ ပန်းသားကုန်သည်အထိ အသုံးပြုမောင်းနှင်နိုင်သည်။ ပန်းသားကုန်ပြီး ကြိုးသားမပေါ်သေးသော တာယာများကို ငါးကြိမ်အထိ ပြုလုပ်၍ ပန်းတင်အသုံးပြုနိုင်ပြီး ပန်းသားလန်ခြင်း၊ ကွာခြင်းတို့ကို အာမခံချက်ပေးထားကြောင်း သိရှိရသည်။

Supercool Retread Tyre များကို KYI Brothers Industries Co., Ltd. စက်ရုံ အမှတ် ၁၇၀၊ ဦးတရုတ်ကြီးလမ်း၊ စက်မှုဇုန်(၄) လှိုင်သာယာမြို့နယ် ရန်ကုန်မြို့ ဖုန်း -၇၂၈၃၅၁၊ ၆၈၅၁၄၄၊ ၀၉-၈၅-၁၅၁၀၁၊ ၀၉-၈၅-၁၆၀၁၇က ထုတ်လုပ်၍ အရောင်းပြခန်းမှာ (ဈ-၁၉) ရန်ကုန်မြို့ ဘုရင့်နောင်ဈေးရှေ့ (ဘုရင့်နောင်ပွဲရုံ လမ်းမတန်း ထောင့်ဆုံးတိုက်) ဖုန်း-၆၈၁၇၉၄၊ မန္တလေးအရောင်းပြခန်း အမှတ် ၁၆၊ ၃၆လမ်း ၈၂လမ်းနှင့် ၈၃ လမ်းကြား မန္တလေးမြို့ ဖုန်း-၀၉-၈၅-၁၆၀၁၆ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက (၁) မင်္ဂလာဒုံ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၈

အထက (၁) မင်္ဂလာဒုံ ၁၉၈၅မှ ၁၉၈၆ ပညာသင်နှစ်မှ ၂၀၀၈-၂၀၀၉ အထိ ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၀ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း မြေရာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးဟန်မင်းအောင် ဖုန်း- ၀၁-၆၃၅၀၇၅ ၊ မတင်ဆွေဝင်း ဖုန်း- ၀၉-၅၁-၅၆၂၃၆နှင့် ကိုအောင်အောင် ဖုန်း-၀၁ -၆၃၆၆၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင်္ဂလိမာလသုတ် ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**အနိုင်းမဲ့သောအနန္တ ကျေးဇူးရှင်ကြီးများ** တရားတော် ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ(ထူးကြီးဆရာတော်)
၇:၀၀	MRTV-4 သတင်း
၇:၄၅	ပန်းချီပြခန်း(Soul of Heart)
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၈:၃၀	Sports World(Planet Speed)
၈:၅၅	Activities in the City (အင်းဝစာအုပ်တိုက် ပြောင်းရွှေ့ဖွင့်လှစ်ခြင်းအထိမ်းအမှတ် စာအုပ်အရောင်းပွဲတော်)
၉:၀၅	ရာဇဝင်မြစ်ကမ်းပေါ်မှ… နားခိုရာ
၉:၃၅	Global Panorama ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ
၁၀:၃၅	ခံစားချက်တို့ပေါင်းစုံရာ… ငပလီကမ်းခြေသာ
၁၀:၅၅	ပြောင်းလဲလာမည့်…သင့်ကမ္ဘာ
၁၁:၀၅	သွားမယ်စားမယ် (Green Elephant)
၁၁:၃၅	စွမ်းအင်တို့ရဲ့နှီးစက် (ကခုန်ခြင်းနှင့်အားကစား)
၁၁:၅၅	ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ ဒေါက်တာအေးကျော်(ဇီဝကမ္မဗေဒ)
၁၂:၂၅	သီးနှံစိုက်ပျိုးအထွက်တိုး **စပါးပေါင်းပင်**
၁၂:၃၅	ကန္တာရဝတီ၏ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာဆီသို့…
၁:၀၀	**အနိုင်းမဲ့သော အနန္တကျေးဇူးရှင်ကြီးများ** တရားတော်ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ(ထူးကြီးဆရာတော်)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival Pop ကမ်းခြေ(၁)
၃:၂၅	ဟူးကောင်းကျားများတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၃:၄၅	ပြောင်းလဲလာမည့်…သင့်ကမ္ဘာ
၃:၅၅	သဘာဝကပေးတဲ့ အကျိုးအာနိသင် (လူ့ရှင်တော်လည်းလူသားပါ)
၄:၂၀	Activities in the City (အင်းဝစာအုပ်တိုက် ပြောင်းရွှေ့ဖွင့်လှစ်ခြင်းအထိမ်းအမှတ် စာအုပ်အရောင်းပွဲတော်)
၄:၃၀	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၄:၄၅	ရာဇဝင်မြစ်ကမ်းပေါ်မှ…နားခိုရာ
၅:၁၀	ပန်းချီပြခန်း (Soul of Heart)
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	သွားမယ်စားမယ် (Green Elephant)
၆:၅၀	Shooting Making (မေတ္တာအသချော်ရိုက်ကွင်း)
၇:၀၀	Fashion Music Festival Pop ကမ်းခြေ(၁)
၇:၄၀	အင်တာနက်လမ်းညွှန် (SEI TAMAN Internet Zone)
၈:၀၀	MRTV-4 သတင်း
၈:၄၀	သဘာဝကပေးတဲ့ အကျိုးအာနိသင် (လူ့ရှင်တော်လည်းလူသားပါ)
၉:၀၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၉:၁၅	မြိုင်ရာဇာတွတ်ပီနှင့် အနော်ဖလီး
၉:၂၅	Barclays Premier League (Wigan Vs Aston Villa)
၁၁:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၁:၅၅	Barclays Premier League (Birmingham Vs Man Utd)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၀၀	Hull City-Chelsea	ESPN (Live)
၉:၂၅	Arsenal- Everton	ESPN (Live)
	Wigan-Aston Villa	STAR SPORTS (Live)
၁၁:၃၀	Burnley-Stoke City	STAR SPORTS (SDD)
၁၁:၅၅	Birmingham -Man Utd	ESPN (Live)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၁၀-၁-၂၀၁၀

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅	တရားတော် **(ရတနသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀	(၃၈)ဖြာမင်္ဂလာ
၇:၃၅	နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်း ဆောင်းပါး
၈:၁၀	နံနက်ခင်းတေးပဒေသာ
၉:၃၀	ဘဝအသွင် ကဗျာ့အမြင် (ကျေးဇူးနံနက်) တေးပဒေသာ
၉:၄၅	ဘဝတစ်ကွေ့ အတွေ့အကြုံ (နောက်ဘဝ)
၁၀:၀၀	မင်္ဂလာလက်ဆောင်
၁၀:၂၅	သန်စွမ်းကျန်းမာ ကိုယ်ခန္ဓာ ပျက်အစဉ်ပြင်ခဏ (ခါး-ရင်-တင်-အလှ) သတင်းစာအာဘော်
၁၀:၃၀	တေးစီးရီး (မုန်းခိုင်းတိုင်း မမုန်းနိုင်ဘူး)
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	ဆိုကြပျော်ရွှင် တေးသံစဉ်(၅၉)
၁၂:၀၀	စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက် တေးသီချင်း-မြန်မာ)
၁၂:၁၅	နေ့လယ်ခင်းတေးပဒေသာ
၁၂:၃၀	စာအုပ်စာပေ လူ့မိတ်ဆွေ ပင်လယ်ရေ ဘယ်မခန်း- ယဉ်မင်းဦး(ဆေးတက္ကသိုလ်)
၁၂:၅၀	နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	သိလိုသမျှမေး ကျန်းမာရေး
၁၃:၂၀	တေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀	ဆောင်းပါး
၁၆:၃၀	သောတရှင်လိုရာတေး
၁၇:၀၀	မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	ညနေခင်းတေးပဒေသာ
၁၈:၀၀	ညနေခင်းသတင်း
၁၈:၁၀	တေးချစ်သူရွေးသီ တေးပန်းချီ
၁၈:၃၀	သုတစုံကြွယ် သိစေဖွယ် (အင်္ဂလိပ်သဒ္ဒါရှောင်ရန် အမှား ၁၀ချက်)
၁၈:၄၅	တေးပဒေသာ
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၁၀	Talk on Line (ဟိန်းဝေယံ) နိုင်ငံရေးဦးတည်ချက်
၁၉:၃၀	တေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း
၂၀:၂၀	ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (တင်ဇာမော်) စီးပွားရေးဦးတည်ချက်
၂၀:၄၀	လယ်ယာစီးပွား (အသုံးပြုပါ ဒိုးချက်ကင်း သဘာဝမြေသြဇာ)
၂၀:၅၀	တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁:၀၀	ရင်တွင်းခံစား တေးသီချင်းများ (သင်းသင်းခိုင်)
၂၁:၁၅	ညချမ်းချိန်ခါတေးပဒေသာ
၂၁:၃၀	ခေတ်မရွေးသောတေး
၂၂:၀၀	အစီအစဉ်ပြီး၏။

မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်း ဖွင့်ပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ရက် နံနက် ၉နာရီက မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) စစ်ဆေးရေးနှင့် ဥပဒေအကျိုးဆောင်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးစံငြိမ်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(ဝဲပုံ)**



ကြာမြင့်

သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဇေယျနှင့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် အထက်မြန်မာပြည်မှ သင်တန်းသား စုစုပေါင်း ၄၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။ **(ပြည်တွင်းအခွန်)**

တရုတ်နိုင်ငံ၌ ၂၀၁၀ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကယ်ဆယ်ရေးလုပ်ငန်းဆိုင်ရာ သရုပ်ပြလေ့ကျင့်နေမှုကို ဇန်နဝါရီ ၇ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အယ်လ်ခိုင်ဒါကို အရှိန်အဟုန်မြှင့်တိုက်ခိုက်ရန် စပိန်ဘုရင် ဟွန်ကာလို့စ်ဆော်သြ

မက်ဒရစ် ဇန်နဝါရီ ၈

အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စုကို အရှိန်အဟုန်မြှင့်တိုက်ခိုက်သွားကြရန် စပိန်ဘုရင်ဟွန်ကာလို့စ်က ၎င်းနိုင်ငံကို ဇန်နဝါရီ ၆ရက်က ဆော်သြလိုက်သည်။

ပြောကြား

နိုင်ငံတကာအခြေအနေများ မတည်မငြိမ်ပြောင်းလဲဖြစ်ပေါ်နေခိုက်တွင် မိမိတို့အနေဖြင့် ခြိမ်းခြောက်မှုအန္တရာယ်များကို ရင်ဆိုင်ဖယ်ရှားရန် အသင့်အနေအထားတွင် ရှိနေကြရမည်ဖြစ်ကြောင်း စပိန်ဘုရင်က စစ်ဘက်ဆိုင်ရာအခမ်းအနားတွင် ထည့်သွင်းပြောကြားသွားသည်။

ချီးကျူး

စပိန်နိုင်ငံအတွက် တာဝန်ထမ်းဆောင်ပေးခဲ့ကြသည့် စပိန်နိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့နှင့် အရပ်ဘက်အစောင့်တပ်များကို ချီးကျူးပါကြောင်း၊ နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် စပိန်တပ်မတော်သားများကိုလည်း ကျေးဇူးတင်ပါကြောင်း စပိန်ဘုရင်က မြွက်ကြားသွားသည်။ **(အင်တာနက်)**

မက္ကဆီကို၌ အကြမ်းဖက်မှုနှိမ်နင်းရေး ဗျူဟာသစ်များ ချမှတ်ဆောင်ရွက်မည်

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၈

၂၀၁၀ခုနှစ်အတွင်း၌ မက္ကဆီကိုနှင့်အမေရိကန်နယ်စပ်မြို့ဖြစ်သော ချီဟွာဟွာ၌ အကြမ်းဖက်မှု ပိုမိုဖြစ်ပွားလာဖွယ်ရှိသည်ဟု မက္ကဆီကို ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ဇန်နဝါရီ ၆ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

မက္ကဆီကို တပ်ဖွဲ့အနေဖြင့် ၂၀၁၀ ခုနှစ်တွင် မဟာဗျူဟာသစ်များကို ချမှတ်ကာ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုနှင့် ဆက်နွယ်သည့် အကြမ်းဖက်မှုကို နှိမ်နင်းဖြိုခွင်းရန်အတွက် အထူးတပ်ဖွဲ့ဝင် ၆၀၀၀ခန့်ကို မြို့စောင့်တပ်ဖွဲ့နှင့်ပူးပေါင်းကာ တပ်ဖြန့်ချထားရန်စီစဉ်ထားကြောင်း ချီဟွာဟွာပူးပေါင်းစစ်ဆင်ရေးတပ်မှူး ဗိုလ်ချုပ်အက်စ်ပီတီရားဟာနန်ဒက်ဇ်က ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံအရေးကိစ္စ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပြောကြား

ဂျီနီဗာ ဇန်နဝါရီ ၈

အာဖဂန်နစ္စတန်နိုင်ငံသည် အဂတိလိုက်စားမှုများကို နှိမ်နင်းရာ၌လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာ၌လည်းကောင်း၊ နိုင်ငံတကာ မိသားစုများ၏ အကူအညီကို ရယူလုပ်ဆောင်ရမည့် အရေးကြီးသည့်အချိန်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကုလသမဂ္ဂဌာနချုပ်၌ ဇန်နဝါရီ ၆ရက်က ပြောကြားသည်။

မျှော်လင့်

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် ဇန်နဝါရီ ၂၈ရက်တွင် လန်ဒန်မြို့၌ကျင်းပမည့် အစည်းအဝေး၌ ကောင်းမွန်သည့်အုပ်ချုပ်မှုရရှိရန်နှင့် တိုးတက်လာစေရန် မည်သို့ဆောင်ရွက်သွားမည်ဆိုသည့် အချက်ကိုလည်းကောင်း၊ အာဖဂန်နစ္စတန်နိုင်ငံ၌ အမျိုးသားသင့်မြတ်ရေးအတွက် သူ၏အာဖဂန်နစ္စတန်ပြည်သူများနှင့် အိမ်နီးချင်းနိုင်ငံများကို မည်သို့စည်းရုံးမည်ဆိုသည့် အချက်ကိုလည်းကောင်း တင်ပြသွားလိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့်လည်း မစ္စတာဘန်ကီမွန်းက သတင်းထောက်များအား ပြောကြားသည်။

မစ္စတာဘန်ကီမွန်းက အာဖဂန်နစ္စတန်နိုင်ငံနှင့်ပတ်သက်သည့် ၎င်း၏အစီရင်ခံစာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းပြီးနောက် သတင်းထောက်များအား ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရုရှားနိုင်ငံ မော်စကိုမြို့၌ကျင်းပသည့် နိုင်ငံတကာ ရေခဲရုပ်တုပွဲတော်ကို ဇန်နဝါရီ ၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တူနီးရှား၌ မီးလောင် ကလေးသုံးဦးသေဆုံး

တူးနစ် ဇန်နဝါရီ ၈

တူနီးရှားနိုင်ငံအရှေ့ပိုင်း ကာလာရုဟီရာပြည်နယ်တွင် ဇန်နဝါရီ ၇ရက်က မီးလောင်မှုဖြစ်ပွားရာ ကလေးသုံးဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။ ကလေးများမှာ မိဘများမရှိခိုက် နေအိမ်အတွင်း မီးဖြင့်ဆော့ကစားရာမှ မီးလောင်မှုဖြစ်ပွားကာ မီးခိုးများကြောင့် အသက်ရှူမွန်းကျပ်၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသည့်ကလေးများမှာ အသက်ငါးနှစ်၊ လေးနှစ်နှင့် ခြောက်လသားအရွယ် ကလေးများဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်အနောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်၊ ခုနစ်ဦးသေဆုံး

ရာမာဒီ ဇန်နဝါရီ ၈

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ် ဟိတ်သ်မြို့တွင် ဇန်နဝါရီ ၇ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရဲအရာရှိတစ်ဦးအပါအဝင် ခုနစ်ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပါဝင်

ရဲတပ်ဖွဲ့အရာရှိများ၏ နေအိမ်သုံးလုံးကို အကြမ်းဖက်သမားများက ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများတွင် ကလေးငယ်နှစ်ဦးလည်း ပါဝင်ကြောင်း၊ အခြားခုနစ်ဦးမှာလည်း ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ရှာဖွေ

ဗုံးပေါက်ကွဲမှုကြောင့် နေအိမ်ငါးလုံးခန့် ပျက်စီးသွားခဲ့ကြောင်း၊ ဟိတ်သ်မြို့ဝင်လမ်းမကြီးနှင့် အဓိကလမ်းများကို ပိတ်ထားလိုက်ပြီး အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအားတပ်ဖြန့်ချထားကာ အကြမ်းဖက်သမားများက ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်နစ္စတန် ကလေးငယ်များ ၂၀၀၉ခုနှစ်တွင် အများဆုံးသေဆုံးရ

ကဘူးလ် ဇန်နဝါရီ ၈

၂၀၀၉ ခုနှစ်သည် အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့များ အာဖဂန်နစ္စတန်နိုင်ငံသို့ ကျူးကျော်တိုက်ခိုက်ခဲ့သည့် လွန်ခဲ့သောကိုးနှစ်မှစ၍ ယခုအချိန်အထိ အာဖဂန်ကလေးငယ်များ အများဆုံးသေဆုံးသည့်နှစ်ဖြစ်ကြောင်း အစီရင်ခံစာတစ်စောင်က ဇန်နဝါရီ ၈ ရက်၌ ဖော်ပြထားသည်။

ဖော်ပြထား

အမေရိကန်တို့လေကြောင်းတိုက်ခိုက်မှုကြောင့်လည်းကောင်း၊ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့်လည်းကောင်း၊ တိုက်ပွဲများအကြား ရောက်ရှိနေသောကြောင့်လည်းကောင်း ကလေးငယ်ပေါင်း ၁၀၅၀ကျော် သေဆုံးခဲ့ရကြောင်း ယင်းအစီရင်ခံစာ၌ ဖော်ပြထားသည်။

သေဆုံး

၂၀၀၉ခုနှစ်တွင် စစ်ကြောင့်ဖြစ်ရသော မတော်တဆမှုကြောင့် နေ့စဉ် ကလေးငယ်သုံးဦးထက်မနည်း သေဆုံးရကြောင်း အင်းစုအစီရင်ခံစာ၌ ဖော်ပြထားသည်။

(အင်တာနက်)

တရုတ်-အာဆီယံ လွတ်လပ်စွာကုန်သွယ်မှု၌ မလေးရှားကုန်သွယ်မှု ကွန်ရက်ကျယ်ပြန့်

ကွာလာလမ်ပူ ဇန်နဝါရီ ၈

တရုတ်- အာဆီယံနိုင်ငံများ လွတ်လပ်စွာ ကုန်သွယ်မှုဇုန်များ တည်ထောင်လျက်ရှိပြီး ကုန်သွယ်မှုခွန်များ ကင်းလွတ်လျက်ရှိရာ တရုတ်နိုင်ငံ၏ ဈေးကွက်တွင် မလေးရှားကုန်သွယ်မှု ကွန်ရက်မှာ ပိုမိုသက်ဝင်လှုပ် ရှားလာခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။

မေးမြန်း

မလေးရှားနိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်ကုန်သွယ်မှုအဖွဲ့ ဥက္ကဋ္ဌ ဘန်ဟန်ဆောင်းနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အထက်ပါအတိုင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

တိုက်တွန်း

သို့ဖြစ်ရာ တရုတ်နှင့် မလေးရှားနှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးတွင် မလေးရှားနိုင်ငံ၏ စက်မှုလုပ်ငန်းသည် အရေးပါသည့်ကဏ္ဍတစ်ရပ်အဖြစ်ပါဝင်ကြောင်း မလေးရှားဝန်ကြီးချုပ် နာဂျပ်တွန်ရာဇက်၏ တိုက်တွန်းပြောကြားချက်ကို ဘန်က ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

တိုက်လေယာဉ်များ ဝယ်ယူရေး ဘရာဇီးအစိုးရ စီစဉ်နေ

ဘရာဆီးလီးယား ဇန်နဝါရီ ၈

ဘရာဇီးအစိုးရ၏ တိုက်လေယာဉ် ၃၆စင်း ဝယ်ယူရေးကိစ္စသည် နိုင်ငံရေးအရသာ ဆုံးဖြတ်ချက်ချရမည့်အရာဖြစ်လိမ့်မည်ဟု ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး ဆဲလ်ဆိုအမ်မိုရမ်က ဇန်နဝါရီ ၆ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း ဒေသဆိုင်ရာသတင်းဌာနက ထုတ်လွှင့်သည်။

ထုတ်ပြန်ကြေညာ

ဘရာဇီးလေတပ်အနေဖြင့် ဆွီဒင်ကုမ္ပဏီ၊ အမေရိကန်ဘိုးရင်းကုမ္ပဏီနှင့် ပြင်သစ်ကုမ္ပဏီများထံ ပြန်စာပေးပို့ပြီးဖြစ်သည်ဟု ဇန်နဝါရီ ၅ရက်က တရားဝင် ထုတ်ပြန်ကြေညာသည်။ အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

အဆုံးအဖြတ်ပေး

ဘာဟီအာဒေသသို့ အလည်အပတ်သွားရောက်နေသော ဘရာဇီးသမ္မတလူလာ ပြန်လည်ရောက်ရှိလာပြီးနောက်လာမည့်သီတင်းပတ်အတွင်း၌ ယင်းကိစ္စကို အဆုံးအဖြတ်ပေးမည်ဖြစ်သည်ဟု ဆိုသည်။ ***(အင်တာနက်)***

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ-စုစည်းရေးသားသည်

မူးယစ်ဆေးမှောင်ခိုမှု တောင်ကိုရီးယား၌များပြား

တောင်ကိုရီးယားနိုင်ငံတွင် လွန်ခဲ့သည့်နှစ်က မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုများပြားလာခဲ့ကြောင်း တောင်ကိုရီးယားမီဒီယာ ယွန်ဟပ်က ဇန်နဝါရီ ၈ရက်တွင် သတင်းထုတ်ပြန်သည်။ လွန်ခဲ့သည့်နှစ်တွင် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် အမှုကြောင့် စုစုပေါင်း ၈၂၆၁ဦးဖမ်းဆီးခဲ့ရကြောင်း၊ ယခင် ၂၀၀၈ခုနှစ်ကထက် ၂၁ဒသမ၅ရာခိုင်နှုန်းတိုးလာကြောင်း၊ ၂၀၀၈ခုနှစ်က စုစုပေါင်း ၆၇၉၈ဦး ဖမ်းဆီးခဲ့ရကြောင်းဖြင့်လည်း သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

တုပ်ကွေးရောဂါကာကွယ်ဆေးထိုးခြင်း ရက်သတ်မှတ်

အမေရိကန်ပြည်ထောင်စုတစ်ဝန်းတွင် လာမည့်သီတင်းပတ်၌ တုပ်ကွေးရောဂါကာကွယ်ဆေးထိုးခြင်း ရက်သတ္တပတ်အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (စီဒီစီ) အဆင့်မြင့်ကျန်းမာရေးအရာရှိတစ်ဦးက ဇန်နဝါရီ ၇ရက်၌ ပြောကြားသည်။

ဗြိတိန်၌ ရေခဲမှတ်အောက် ၁၇ဒီဂရီရောက်ရှိခဲ့

ဗြိတိန်နိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့်သီတင်းပတ်က ဆီးနှင်းများထူထပ်စွာကျခဲ့ပြီးနောက် ယခုအခါဆီးနှင်းကျမှုပြီးဆုံးသွားပြီဖြစ်ကြောင်း၊ သို့ရာတွင် ဗြိတိန်နိုင်ငံ၌ နေရာအချို့တွင် ရေခဲမှတ်အောက် အပူချိန် ၁၇ဒီဂရီစင်တီဂရိတ်အထိ ရောက်နေမည်ဟုမျှော်လင့်ရလောက်အောင် အလွန်အေးသည့်အအေးဒဏ်ကို ခံနေကြရကြောင်း ဗြိတိန်မိုးလေဝသရုံးက သတင်းထုတ်ပြန်သည်။

တရုတ်ဓာတ်ပုံပြပွဲ ဘရာဇီးနိုင်ငံတွင် ဖွင့်လှစ်ပြသ

ကျင်းပနေဆဲ ယူရိုပါလီယာ-တရုတ်ပန်းချီ၊ ပန်းပုအနုပညာပွဲတော်၏ တစ်စိတ်တစ်ဒေသအဖြစ် နှစ်(၅၀)ပြည့်လွန်နှစ်များမှသည် ယနေ့အထိ တရုတ်ပြည်အမည်ဖြင့် ပြသထားသည့်သတင်းဓာတ်ပုံပြပွဲကို ဘရာဇီးနိုင်ငံတွင် ဇန်နဝါရီ ၇ရက်မှစ၍ ဖွင့်လှစ်ပြသလျက် ရှိသည်။

တရုတ်ဓာတုပေဒစက်ရုံပေါက်ကွဲ၊ ငါးဦးပျောက်ဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်မြောက်ပိုင်း ကင်ဆူပြည်နယ်တွင် ဇန်နဝါရီ ၇ရက်က ဓာတုဗေဒစက်ရုံ ပေါက်ကွဲသဖြင့်***(အပေါ်ပုံ)*** ငါးဦးပျောက်ဆုံးနေပြီး ခြောက်ဦးဒဏ်ရာ ရရှိသွားကြောင်း ဒေသဆိုင်ရာ အစိုးရအရာရှိများက ပြောကြားသည်။ သေဆုံးသူဦးရေနှင့် ပစ္စည်းဆုံးရှုံးမှု မသိရသေးဟု ဆိုသည်။

ဘရာဇီး၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ဘရာဇီးနိုင်ငံသည် မိုးသည်းထန်စွာရွာသွန်းသည့်ဒဏ် ခံလိုက်ရသည့် ရီယိုဒီဂျနေရိုးမြို့တွင် အရေးပေါ်ပြန်လည်တည်ဆောက်ရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၄၆သန်းထုတ်ပေးသွားမည်ဖြစ်ကြောင်း ဘရာဇီးအဆင့်မြင့်အရာရှိတစ်ဦးက ဇန်နဝါရီ ၇ရက်၌ ပြောကြားသည်။

အမေရိကန်၌ ကားနှစ်စီးတိုက်မိ၊ ငါးဦးသေဆုံး

အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ်တွင် ဇန်နဝါရီ ၇ရက် မွန်းလွဲပိုင်းက တင့်ကားတင်ကုန်တင်ကားတစ်စီးက ကျောင်းသားများ တင်ဆောင်လာသော အထူးဘတ်စ်ကားတစ်စီးကို ဝင်တိုက်မိရာမှငါးဦးထက်မနည်းသေဆုံးပြီး ခုနစ်ဦးဒဏ်ရာ ရရှိသွားကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံငွေပိုရှိမျှော်လင့်

ပီရူးနိုင်ငံသည် ယခုနှစ်တွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများမှ အမေရိကန်ဒေါ်လာ ၂၃ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမှုရရှိအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ပီရူးအမျိုးသားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းအဖွဲ့များအသင်းချုပ်က ဇန်နဝါရီ ၇ရက်၌ သတင်းထုတ်ပြန်သည်။

ဆိုမာလီ၌ တိုက်ပွဲဖြစ်ပွား၊ လူ ၂၀သေဆုံး

ဆိုမာလီနိုင်ငံမြို့တော် မိုဂါဒစ်ရှူးတွင် အစ္စလမ္မစ်အဖွဲ့များနှင့် အာဖရိကသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့တို့ ဇန်နဝါရီ ၇ရက်က တိုက်ပွဲဖြစ်ပွားရာ အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လူ ၂၀ထက်မနည်းသေဆုံးပြီး ၄၀ကျော်ဒဏ်ရာ ရရှိသွားကြောင်း မျက်မြင်သက်သေများနှင့် အရေးပေါ်အရာရှိများက ပြောကြားသည်။

(အင်တာနက်)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု ထီးလင်းမြို့၌ ကျောက်ချောလမ်းသစ်ဖွင့်

ထီးလင်း ဇန်နဝါရီ ၈

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ထီးလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သည့် အမှတ်(၂)ရပ်ကွက် ငုရွှေဝါလမ်းသွယ် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက်က ထီးလင်းမြို့၌ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်လွင်က ရှင်းလင်းတင်ပြပြီး ကျောက်ချောလမ်းသစ်ကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆင့်မြှင့်တင်

အဆိုပါကျောက်ချောလမ်းသစ်မှာ မြေသားလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည် ပေ ၇၃၀၊ အကျယ် ၁၂ပေရှိ၍ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

လက်ပံတန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၈

လက်ပံတန်းမြို့နယ်အသင်း၏ (၃၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ တိစန္ဒဝိဟာရ စင်ကာပူကျောင်းသစ်၌ ဇန်နဝါရီ ၅ရက်ကကျင်းပရာ နာယကများဖြစ်ကြသော ဗိုလ်မှူးကြီးအောင်သိန်း(ငြိမ်း)နှင့် ဦးထွန်းကြည်တို့က အမှာစကားပြောကြားပြီး အသင်း၏မိသားစုဝင် သက်ကြီးအဘိုးအဘွား ၁၄ဦးတို့အား လှူဒါန်းငွေဖြင့် စုပေါင်းပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ နာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဆရာကြီးဆုရ နာယကဦးအေး၊ သက်ကြီးပူဇော်ပွဲများတွင် ရွှေရည်ဝင်းတိုင်းရင်းဆေးများ လှူဒါန်းသူ ဦးဝင်းနိုင်-ဒေါ်သန်းကြည်ညွန့်နှင့် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင်အပါအဝင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးလေးဦးအား ဂုဏ်ပြုဆုချီးမြှင့်ကြသည်။ ထို့နောက် တွဲဖက်အတွင်းရေးမှူးဦးကိုမြင့်က အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးမှူး ဦးထွန်းလွင်က ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြကြသည်။ **(မြန်မာ့အလင်း)**

ဆေးတက္ကသိုလ်(၂) မြှတ်ဆရာကန်တော့ပွဲ

ရန်ကုန် ဇန်နဝါရီ ၈

၁၉၆၃ခုနှစ်မှ ၁၉၆၈ခုနှစ်များတွင် ဆေးတက္ကသိုလ်(၂)မင်္ဂလာဒုံ၌ တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူများ၏တတိယအကြိမ် မြှတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့)တွင် M3 စားသောက်ဆိုင်၌ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဒေါက်တာဦးဝင်းမြင့် ဖုန်း-၀၉-၅၁၄၅၃၄၉၊ ဒေါက်တာဦးစိုးမင်းသိန်း ဖုန်း-၂၉၃၉၆၃၊ ဒေါက်တာဦးစိုးသန်း ဖုန်း-၂၁၆၃၃၉၊ ဒေါက်တာသန်းသန်းထွေး ဖုန်း-၀၉-၅၀၂၃၀၁၀၊ ဒေါက်တာ ကျော်ဇော ဖုန်း-၅၁၇၂၄၃၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်မောင်သန်း ဖုန်း-၀၉-၈၀၃၀၅၃၂၊ ဒေါက်တာခင်အေးဌေး ဖုန်း-၀၉-၅၁၂၉-၈၄၄ နှင့် ဒေါက်တာအောင်ကြည်ဝင်း ဖုန်း-၀၉-၅၀၂၃၀၂၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အလုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သားကောင်းမိခင်နှင့် ကလေးဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းရုံးချုပ်မှ လှူဒါန်းသော ငွေကျပ် ၁၀သိန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် စာကြည့်တိုက်ရေရှည်တည်တံ့ရေး စာပေဟောပြော

ရန်ကုန် ဇန်နဝါရီ ၈

အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် စာကြည့်တိုက်ရေရှည်တည်တံ့ရေး စာပေဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ၂ရက် ညဂနာရီခွဲက ရပ်ကွက်ရုံးရှေ့ မြက်ခင်းပြင်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ဆွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စာပေဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားပြောကြားသည်။ ထို့နောက် စာရေးဆရာမ နှင်းဝေငြိမ်း၊ စာရေးဆရာမောင်လှမျိုး(ချင်းချောင်းခြံ)နှင့် စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)တို့က စာပေရေးရာများ ဟောပြောကြသည်။ **(အပေါ်ပုံ)(ခရိုင် ပြန်/ဆက်)**

မြင်းမူ အထက မြှတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

မြင်းမူမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ၆ရက် (စနေနေ့) နံနက် ၆နာရီတွင် အဆိုပါကျောင်းကြီး၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေထည့်ဝင်လိုကြသည့် ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးစောလွင် ဖုန်း-၀၇၁-၄၀၁၂၃၊ ဦးလှိုင်ကျော်ဦး ဖုန်း-၀၇၁-၄၀၂၅၁၊ ဦးချစ်ရီ ဖုန်း-၀၇၁-၄၀၁၂၄၊ ဦးဝင်းအောင် ဖုန်း-၀၉-၅၁-၄၈၃၂၀၊ ဗိုလ်မှူးစိုးမြင့်ထွန်း(ငြိမ်း)ဖုန်း-၀၂-၆၆၆၁၇၊ဦးသန်းထွန်း ဖုန်း-၀၉-၅၁-၆၂၁၅၂နှင့် ဦးစိုးနိုင် ဖုန်း-၀၉-၅၁-၁၉၉၅၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကလေးပြိုင်ပွဲ

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၂ရက်က အထက(၁) ကျောင်းခန်းမဆောင်၌ ကျင်းပရာ အမွှာကလေးပြိုင်ပွဲ ပထမဆုရသူအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါက ဆုချီးမြှင့်စဉ်။ (၁၂၃)

9-1 (05).pmd 1 1/9/2010, 2:10 AM

*** ရှေ့ဖုံးမှ**

ရန်ကုန်မြစ်နှင့် ပဲခူးမြစ်အတွင်း ဒေသခံများ၏ အသက်စည်းစိမ်များ ရာသီဥတုဒဏ်ကြောင့် များစွာဆုံးရှုံးခဲ့ကြသည်။ အတိတ်သမိုင်းမှ ကြေကွဲဖွယ် အဖြစ်အပျက်များကား တပ်မတော်အစိုးရလက်ထက်တွင် ပျောက်ကွယ်လာနေပြီ ဖြစ်သည်။

ယင်းကား တရုတ်-မြန်မာချစ်ကြည်ရေးအတွက် တည်ဆောက်ခဲ့သော သန်လျင်တံတားကြီးကြောင့်ပင် ဖြစ်သည်။ အရှည်ပေ ၉၆၄၁၊ သံမဏိသံပေါင် နှစ်လမ်းသွား ကားလမ်းနှင့် မီးရထားလမ်းပါ တံတားကြီးကို ၁၉၉၃ ခုနှစ် ဇူလိုင် ၃၁ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်သဖြင့် ဒေသခံများအတွက် ကြီးမားသော အကျိုးတရားများဖြစ်ထွန်းခဲ့ရာ နိုင်ငံတော်၏စေတနာကို ဖော်ညွှန်းပြနေသည့် အထိမ်းအမှတ်တစ်ခုလည်း ဖြစ်ခဲ့သည်။

မြေယာရှုခင်းအလှ

သန်လျင်တံတားကြီး အဆင်း မော်တော်ကားလမ်းဘေး သန်လျင်ဘက်ခြမ်း၏ မြို့ဝင်ဆိုင်းဘုတ်ကြီးကို ငွေကျပ် ၃၆ဒသမ ၄သိန်း အကုန်အကျခံကာ တည်ဆောက်ပြီး မြေယာရှုခင်းအလှနှင့် ဆိုင်းဘုတ်ကို မြို့နယ်စည်ပင်သာယာ ဝန်ထမ်းများ ပြုပြင်မှုကို မှတ်တမ်းဓာတ်ပုံရိုက်နေသည့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုသန်းဝင်းကို တွေ့ရသဖြင့်နှုတ်ဆက်ရာ ကိုသန်းဝင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦး၊ အင်ဂျင်နီယာမှူး ဦးမြင့်စိုး၊ အင်ဂျင်နီယာ ဒေါ်ဥမ္မာခိုင်တို့နှင့် မိတ်ဆက်ပေးသည်။

အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးစိုးနိုင်ဦးက ''ကျွန်တော်တို့ သန်လျင်မြို့နယ်ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၃ ဒသမ ၉၇ပေ မြင့်ပြီး အရှေ့ဘက်မှာ သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်၊ အနောက်ဘက်မှာ ရန်ကုန်မြစ်၊ မြောက်ဘက်မှာ ပဲခူးမြစ်၊ တောင်ဘက်မှာ ကျောက်တန်းမြို့နယ် တို့ တည်ရှိပါတယ်။ မြို့နယ်အကျယ်အဝန်းမှာ ၁၄၉ဒသမ ၃၂၈တုရန်းဖြစ်ပြီး ကျေးရွာအုပ်စု ၂၈အုပ်စု၊ ကျေးရွာပေါင်း ၅၇ရွာနှင့် သန်လျင်မြို့ပေါ်မှာ ရပ်ကွက် ၁၇ရပ်ကွက် တည်ရှိပါတယ်။ မြို့နယ်အတွင်းမှာ ဖွံ့ဖြိုးလာတဲ့ ကျေးရွာကြီးတွေကတော့ ဗိုလ်ချုပ်ရွာ၊ ထားမလုံရွာ၊ ဘုရားကုန်းရွာနှင့် ညောင်သုံးပင် ကျေးရွာကြီးတွေဖြစ်ပြီး စည်ပင်သာယာရေးလုပ်ငန်းတွေကို တိုးချဲ့ဝန်ဆောင်မှုပေးနေပါတယ်'' ဟု အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးက ပြောပြသည်။

ဖောက်လုပ်ခဲ့

သန်လျင်မြို့တွင် မြို့ပြလမ်းများမှာ ယခုအချိန်၌ မြို့ကွက်သစ်လမ်းများ အပါအဝင် ကတ္တရာလမ်း၊ ကျောက်လမ်း၊ ဂဝံလမ်း၊ မြေသားလမ်းများ စုစုပေါင်း ၃၁မိုင် ဝဒသမ ၁၃ဖာလုံအထိ တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ သန်လျင်မြို့၏ လက်ရှိမြို့ပြလမ်းများမှာ ကတ္တရာလမ်း ၅၉လမ်း၊ ကျောက်လမ်း ငါးလမ်း၊ ဂဝံလမ်း ၄၀၊ မြေသားလမ်း ၆၁လမ်းရှိရာ စုစုပေါင်း ၁၆၅လမ်းအထိ ဖောက်လုပ်ပေးနိုင်ခဲ့ပေပြီ။

ကျေးလက်လမ်း

သန်လျင်မြို့နယ်တွင် ကျေးလက်လမ်းများအနေဖြင့် ကတ္တရာလမ်း ငါးလမ်း၊ ကျောက်လမ်း သုံးလမ်း၊ ဂဝံလမ်း ၁၀လမ်း၊ မြေသားလမ်း ၁၀လမ်း စုစုပေါင်း အရှည် ၄၄မိုင် ၂ဒသမ ဝ၁ဖာလုံအထိ ဖောက်လုပ်ပေးနိုင်ခဲ့သဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းခဲ့သည်။

အဆင့်မြှင့်တင်

သန်လျင်မြို့နယ်အတွင်း ကျေးလက်လမ်းများ ဖောက်လုပ်ပေးခဲ့သည့်အနက် သနပ်ပင်-အုတ်ဖိုစုလမ်းသည် သန်လျင်မြို့၏ အရှေ့မြောက်ဘက်ခြမ်းရှိ သနပ်ပင်ရွာ၊ ငါးပြေမရွာ၊ ကုလားဝဲရွာ၊ ညောင်လေးပင်ရွာ၊ ကံသာမြင့်ရွာ၊ ကဒက်ဖြာရွာ၊ လဟာရက်ရွာ စသည့်ကျေးရွာနေ ပြည်သူများ သန်လျင်မြို့သို့ လာရောက်သည့် အဓိကဖြတ်လမ်းဖြစ်သဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်း ဖြစ်သည်။ လဟာရက်-ကဒက်ဖြာ-ခရမ်း ရေထိန်းတံခါး မြေသားလမ်းမှာ ဥယျာဉ်၊ သပြေကုန်း၊ လဟာရက်၊ ကဒက်ဖြာ၊ သာယာကုန်း ကျေးရွာနေ ပြည်သူများ ခရမ်းရေထိန်းတံခါးထိပ်အထိ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေ လွယ်ကူချောမွေ့စေခဲ့သဖြင့် ဒေသခံများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့ များစွာ တိုးတက်နေသည်ကို ဝမ်းသာပီတိဖြစ်စရာ ကြားသိရသည်။

စက်ရေတွင်း

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြည်သူအတွက် မြို့ရေပေးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မြေအောက်ရေကို စက်ရေတွင်းများတူးဖော်ရယူ၍ အမြင့်တင် ရေစင်ကြီးများသို့ တွန်းတင်စုဆောင်းပြီး ပိုက်လိုင်းများ အဆင့်ဆင့် သွယ်ယူ၍ အိမ်တိုင်ရာရောက် ပေးဝေလျက်ရှိသည်။

''မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေနဲ့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်၏ ကြီးကြပ်ပံ့ပိုးကူညီမှု၊ ဝန်ကြီးဌာနရဲ့ ညွှန်ပြမှုနဲ့ အညီ ခရိုင်မြို့ကို တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်''

ဦးစိုးနိုင်ဦး
အမှုဆောင်အရာရှိ
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
သန်လျင်မြို့။

ဆက်လက်၍လည်း ကျေးလက်ဒေသများ ရေဖူလုံရေး၊ ရေကောင်းရေသန့် ရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ နှစ်စဉ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

သန်လျင်မြို့နယ်တွင် မြို့ပေါ်ဈေး သုံးဈေးနှင့် ကျေးလက်ဈေး တစ်ဈေး စုစုပေါင်း လေးဈေးရှိသည်။ မြို့ပေါ်ဈေးများအနေဖြင့် မြို့မဈေးကြီး၊ မြို့ဟောင်းဈေးနှင့် အောင်ချမ်းသာဈေးဖြစ်ပြီး ထားမလုံဈေးမှာ ကျေးလက်ဈေးတို့ဖြစ်သည်။ မြို့မဈေးကြီးသည် သန်လျင်မြို့ မြို့မမြောက်ရပ်ကွက်အတွင်း တည်ရှိပြီး မြို့၏အချက်အချာကျသော အလယ်ဗဟို၌ တည်ဆောက်ထားရာ မြို့မဈေးကြီးသို့ ဒေသခံပြည်သူများနှင့် ကျေးလက်နေ တောင်သူများ လာရောက်ရောင်းဝယ် ဖောက်ကားလျက်ရှိသည့်အပြင် တိုက်ကြီးမြို့နယ်၊ မော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ် တို့မှလည်း လာရောက်ရောင်းဝယ်ကြသည်။ ဈေးကြီး၏ အရှေ့ဘက်တွင် ဗိုလ်ချုပ်နေဝင်းလမ်း၊ အနောက်ဘက်တွင် လမ်းမတော်လမ်း၊ မြောက်ဘက်တွင် သိမ်ကျောင်းလမ်းတို့ ဆုံရာတွင် တည်ရှိသည့်အတွက် မော်တော်ယာဉ်လိုင်းစုံ ဖြတ်သန်းခြင်း၊ အနေးယာဉ်၊ မြင်းလှည်းနှင့် ဆိုင်ကယ်များပါ ရပ်နားဂိတ်ရှိသည့် အတွက်ကြောင့် အလွန်စည်ကားရာ ဈေးကြီးဖြစ်ကြောင်း တွေ့ရသည်။

သန်လျင်မြို့နယ်အတွင်း ဖားကူး ကျေးရွာနှင့် သရက်ပင်ချောင်း ကူးတို့လုပ်ငန်းနှင့် ဖားကူးကျေးရွာနှင့် ဒဂုံဆိပ်ကမ်း ၉၃ ကူးတို့လုပ်ငန်းနှစ်ခုရှိရာ စက်တပ်သမ္ဗန်များဖြင့် အသွားအပြန်ကူးလူးကြပြီး ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၄၀၀ ဖြစ်ကာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့က ခရီးသည်များ အသက်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စည်းကမ်းချက်များထုတ်ပြန်ကာ စနစ်တကျပြေးဆွဲလျက်ရှိသဖြင့် ဒေသခံများ ခရီးသွားလာရေး အဆင်ပြေလျက်ရှိသည်။

အပတ်စဉ် တနင်္လာနေ့နှင့် အင်္ဂါနေ့တိုင်း၌ မြို့သစ်အရှေ့၊ မြို့သစ်အလယ်၊ မြို့သစ်အနောက်၊ မြို့မဈေး၊ ဒါရိုက်ရပ်ကွက်၊ မြို့မမြောက်၊ မြို့မတောင်၊ အောင်ချမ်းသာဈေးနှင့်၊ ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တိုင်းတွင် အောင်မင်္ဂလာ၊ သောက်တော်တွင်း၊ အုတ်ဖိုစု၊ မြို့မဈေး၊ သောကြာနေ့နှင့် စနေနေ့တိုင်းတွင် မြို့ဟောင်းအရှေ့၊ မြို့ဟောင်းအလယ်၊ မြို့ဟောင်းအနောက်၊ အမှုထမ်းရပ်ကွက်၊ အောင်ချမ်းသာ၊ ဌာနဆိုင်ရာများ၊ တနင်္ဂနွေနေ့တိုင်းတွင် ဗိုလ်ချုပ်နေဝင်းလမ်း၊ ကျိုက်ခေါက်ဘုရားလမ်း၊ မြို့မဈေး၊ သိမ်ကျောင်း၊ အောင်ချမ်းသာဈေး စသည့် ရပ်ကွက်၊ ဈေး၊ စည်ကားပါသည်။ မြို့ပြဖွံ့ဖြိုးမှုမှာလည်း ၁၉၈၈ ခုနှစ်ပိုင်းမှစ၍ တိုးတက်လာခဲ့သည်။ လှပသေသပ်သည့် မြို့ဝင်၊ မြို့ထွက် ဆိုင်းဘုတ်သုံးခုကို မြေယာရှုခင်းအလှနှင့်အတူ ရန်ကုန်- သန်လျင်လမ်း တံတားကြီးထိပ်တွင် တစ်ခု၊ ကျောက်တန်း-သန်လျင်လမ်း အလယ်ရွာအနီးတွင် တစ်ခု၊ သုံးခွ-သန်လျင်လမ်း အရှေ့ပိုင်းတက္ကသိုလ်အနီးတွင် တစ်ခု တည်ဆောက်ထားသည်ကို ထည်ဝါစွာ မြင်တွေ့ရသည်။

သန်လျင်မြို့တွင်း၌ လမ်းဘေးပလက်ဖောင်းကပ်တုံးများ ပြုလုပ်ကာ ဖြူ၊ နီကျား ဆေးသုတ်၍ လှပစွာ ဆောက်

သောက်သုံးရေ ရရှိရေးဆောင်ရွက်

သန်လျင်မြို့နယ်အတွင်းရှိ ကျေးရွာတိုင်းသန့်ရှင်းသော သောက်သုံးရေရရှိစေရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာနမှ အဝီစိတွင်းများကို ဤသို့ တူးဖော်ပေးခဲ့သည်။ (မြန်မာ့အလင်း)

ထို့အပြင် မြို့ပေါ် ၁၇ ရပ်ကွက်ရှိ ပြည်သူများမှ စွန့်ပစ်အမှိုက်များကို ပိတ်ရက်မရှိ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်ကာ နေ့စဉ် နံနက်တစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ် ယာဉ်နှင့် လုပ်သားများဖြင့် အလှည့်ကျခေါင်းလောင်းတီးခြင်း၊ အမှိုက်ကန်မှ သိမ်းဆည်းခြင်းကို သီတင်း ဌာနဆိုင်ရာတို့ကို အလှည့်ကျ အမှိုက်များ သိမ်းဆည်းကာ ညောင်သုံးပင်စိုက်ခင်းအနီးတွင် ၁၀ပေ× ၁၀ပေ× ၃ပေမြေကျင်း ငါးကျင်းတူး၍ မြေဆွေးများ ထုတ်လုပ်ကာ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာတွင် အသုံးပြုလျက်ရှိသည်။

သန်လျင်မြို့သည် တောင်ပိုင်းခရိုင် ရုံးစိုက်ရာ ခရိုင်မြို့ဖြစ်သည့် အားလျော်စွာ



သန်လျင်မြို့ မြိုင်ဟေဝန်ပန်းခြံအတွင်းရှိ ခရိုင်စိုက်ပျိုးဥယျာဉ်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

လုပ်ထားသည့်အပြင် လမ်းဘေးတွင် ပန်းအလှပင်များကို မြို့ဝင်ဆိုင်းဘုတ် တြိဂံနှင့်တောင်တန်းအလှ မြေယာရှုခင်းတို့ကို အမြဲတမ်းထိန်းသိမ်း ပြုပြင်ထားသဖြင့် ပသာဒ ရှိလှသည်။ တစ်ဖန် မီးကွင်းဂမုန်း၊ ပုလဲသွယ်၊(နီ၊ညို)ဇော်လုံး၊ ကုန်းကညွတ်၊ ဗိုလ်ကတော်မျက်ခုံး၊ ခရာဝါ(ခရမ်း)၊ နွယ်သာကီ၊ လမ်းလျှောက်ပန်း၊ ခရေပင်၊ စက္ကူပန်း၊ စွယ်တော်၊ ဇော်မင်းသား၊ ဒေါင်းဖန်ဝါ စသည့် အရိပ်ရပင်၊ အလှပင် ပန်းပင် ၃၄မျိုး အပင်ပေါင်း ၁၁၉၆၃၃ ပင်ကို အဖွဲ့ပိုင်ပျိုး ဥယျာဉ်တွင် ပန်းထောင်၍ ယခုအခါ ၁၇၄၁၁ပင် စိုက်ပျိုးခဲ့ပြီးဖြစ်သဖြင့် သန်လျင်မြို့တွင်း လမ်းဘေး ဝဲယာလမ်း လယ်ကျွန်းတို့မှာ ပန်းပေါင်းဝေဆာကာ လှချင်တိုင်း လှနေသည်။

ဖွံ့ဖြိုးမှုအလှ

တစ်ဖန် ၂၀၀၇ခုနှစ် အောက်တိုဘာ ၂၇ရက်တွင် ဖွင့်လှစ်ခဲ့သော ခြောက်လမ်းသွား သံကူကွန်ကရစ် ဒဂုံတံတားကြီးကလည်း အရှည်ပေ ၄၅၄၀ရှိပြီး ရန်ကုန် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်နှင့် သန်လျင်မြို့နယ် ကုလားဝဲရွာတို့ ပဲခူးမြစ်ကိုဖြတ်၍ ဆက်သွယ်တည်ဆောက်ကာ သန်လျင်မြို့နယ် သီလဝါ ပင်လယ်ဆိပ်ကမ်းမှ ပြည်တွင်း၊ ပြည်ပ တင်ပို့သည့် ကုန်သေတ္တာများ ဖြတ်သန်းရန်အတွက် သီးသန့် ခိုင်ခံ့လှပစွာ ဆောက်လုပ်ထားခြင်းဖြစ်ရာ သန်လျင်မြို့နယ်၏ ဖွံ့ဖြိုးမှုအလှကို ထပ်ဆင့်ဖော်ညွှန်းနေသယောင်….။

တိုးတက်ပြောင်းလဲ

ယခင်က နီးလျက်နဲ့ ဝေးခဲ့ရသော သန်လျင်၊ ရေလမ်းခရီးဖြင့် ရင်တထိတ်ထိတ်ဖြင့် ဖြတ်သန်းခဲ့ရသည့် သန်လျင်၊ ရန်ကုန်နှင့် အနီးကပ်ဆုံးဖြစ်သော်လည်း ဖွံ့ဖြိုးမှုနှေးကွေးခဲ့ရသော သန်လျင်မြို့ကား နိုင်ငံတော်၏ စေတနာကြောင့် အစစအရာရာ တိုးတက်ပြောင်းလဲခဲ့လေပြီ။ ခရီးသည်၏စိတ်၌ **''အလှဖြာဝေ-သန်လျင်မြေ''** ဟု ညွှန်းဆို တင်စားလိုမှုက ရင်ထဲအပြည့် ဖြစ်နေမိပါတော့သည်။ ။ **(မြန်မာ့အလင်း)**

၂၀၀၇ခုနှစ် အောက်တိုဘာ ၂၇ရက်တွင် ဖွင့်လှစ်ခဲ့သော ခြောက်လမ်းသွား သံကူကွန်ကရစ် ဒဂုံတံတားကြီးကလည်း အရှည်ပေ ၄၅၄၀ ရှိပြီး ရန်ကုန် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်နှင့် သန်လျင်မြို့နယ် ကုလားဝဲရွာတို့ ပဲခူးမြစ်ကိုဖြတ်၍ ဆက်သွယ်တည်ဆောက်ကာ သန်လျင်မြို့နယ် သီလဝါ ပင်လယ်ဆိပ်ကမ်းမှ ပြည်တွင်း၊ ပြည်ပ တင်ပို့သည့် ကုန်သေတ္တာများ ဖြတ်သန်းရန်အတွက် သီးသန့် ခိုင်ခံ့လှပစွာ ဆောက်လုပ်ထားခြင်းဖြစ်ရာ သန်လျင်မြို့နယ်၏ ဖွံ့ဖြိုးမှုအလှကို ထပ်ဆင့်ဖော်ညွှန်းနေသယောင် . . . .။

မြို့မရပ်ကွက်များအပြင် ဆင်ခြေဖုံးနေထိုင်သူများ ရေလွယ်ကူသက်သာစွာ သုံးစွဲနိုင်ရေးအတွက် အောင်ချမ်းသာ (၁) ရေတွင်း၊ အောင်ချမ်းသာ(၂)ရေတွင်း၊ ဇီးကုန်းရပ်ကွက် ရေတွင်းတို့ကို ရေစက်များဖြင့်တူးဖော်ပေးပြီး ရေဖြန့်ဝေပေးလျက်ရှိသည်။ လာမည့်နှစ်တွင်လည်း ဆက်လက်ပြီး အောင်ချမ်းသာရပ်ကွက်နှင့် သောက်တော်တွင်းရပ်ကွက်များ၌ စက်ရေတွင်းနှင့်ရေစက်များ တူးဖော်တပ်ဆင်ပြီး ရေပေးဝေရန် စီမံဆောင်ရွက်နေသဖြင့် မြို့နေပြည်သူ သောက်သုံးရေ အခက်အခဲမရှိစေရေး ကြိုးစားမှုမှာ အားရစရာပင် ဖြစ်သည်။

သောက်သုံးရေ

မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ ဝင်းခနီး၊ ဖားကူး၊ ဒေဇတ်စသည့် ကျေးရွာပေါင်း ၃၀တွင် ရေရရှိရေး လုပ်ငန်းပေါင်း ၇၉ခု ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ရည်မှန်းချက်ကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ရာ ကျေးလက်နေ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစေခဲ့ပြီဖြစ်သည်။

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးက ခံ့ခံ့ထည်ထည်….။

(မြန်မာ့အလင်း)

အမ်း-စစ်တွေကားလမ်း လုပ်ငန်းဆောင်ရွက်မှု တိုင်းမှူးဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၈

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဒီဇင်ဘာ ၃၁ရက် နံနက်ပိုင်းက အမ်းမြို့နယ် မဲတောင်ခြေရွာ အမ်း-စစ်တွေကားလမ်း လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် ဂျိတ်ချောင်းကျေးရွာရှိ တိုးဟိန်းချောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး မြေပုံမြို့နယ် ချောင်းကြီးကျေးရွာ၌ ဒေသခံကျေးရွာ တောင်သူများနှင့် တွေ့ဆုံကာ မတ်ပဲမျိုးစေ့များကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ရန်ကုန်-စစ်တွေကားလမ်း လုပ်ငန်းဆောင်ရွက်နေမှု၊ အ၀ကျေးရွာ၌ ကျင်းပသော တိုးချဲ့နွေစပါးစိုက်ခင်း ထွန်ယက်စိုက်ပျိုးပွဲ အခမ်းအနားတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ပေးအပ်

ထိုမှတစ်ဆင့် တိုင်းမှူးသည် နရမ်းကျေးရွာ၊ ဆပ်ကြာကျေးရွာနှင့် မြောင်းဘွေကျေးရွာများရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မတ်ပဲမျိုးစေ့များ ပေးအပ်ပြီး မင်းပြား- မြောက်ဦးကားလမ်း ၀ဲ၊ ယာ တစ်လျှောက် ဆောင်းသီးနှံ ဆီမုန်ညင်းစိုက်ခင်းနှင့် ကျောက်တော်မြို့နယ် ရန်ကုန်-စစ်တွေကားလမ်း လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် သရက်တပင်ကျေးရွာ၌ မဟာမုနိဘုရားကြီးပတ်လမ်း ဖောက်လုပ်သွားမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၂၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၈

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၂၈)ကို ထုတ်ဝေဖြန့်ချိထားသည်။

ရွှေမြိုင်ပြုံးလွဲ့မော်၊ ဝင့်မိုး(ဥက္ကလာ)၊ မောင်ယဉ်မှူး၊ မောင်မောင်ကျော်စိုး(ဒေးဒရဲ)၊ ကျော်ဇေယျာလှိုင် (စီးပွားရေးတက္ကသိုလ်)၊ မင်းနီခိုင်(မောင်တော)၊ မောင်ငြိမ်းရည်(မင်းကင်း)၊ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)၊ သက်လှိုင်မိုး (စက်မှုတက္ကသိုလ်)၊ နိုင်မင်းညီ(ကော့မှူး)၊ မောင်ရည်သင်း(ငဝန်ကမ်းခြေ)တို့၏ အဖွင့်ကဗျာများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ လှထွန်း(တွံတေး)၊ တက္ကသိုလ်တင်ခ၊ စိန်လင်း(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၊ သန့်စင်လတ်(ပညာရေး)၊ မောင်ကြည်သစ်ဦး၊ ခင်မောင်လွင်၊ ဂွမ်းဖြူဇင်၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ထွန်းထွန်း(သာယာဝတီ)၊ သာနိုင်အောင် (ကျိုက်မရော)၊ အောင်ဇင်၊ ယောဂီတိုးအောင်၊ စစ်ကိုင်းစိမ်းစိမ်း၊ ဇင်မင်း(သမိန်ထော)၊ ဦးကျော်စိန်(မန္တလေး)၊ မိုးမြင့်လွင်၊ စေတနာလှိုင်(ရေစကြို)၊ ဒေါက်တာသက်ဆွေ၊ ခြင်ကျား(မအူပင်)၊ ကချင်မြေငက်ခါး၊ နိုင်မျိုးသစ္စာ(နမ္မတူ)၊ တက္ကသိုလ်စိုးယဉ်၊ ကိုဇော်ဝင်း(လှတော)၊ ဖိုးကျော်(ရွှေဘို)၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ ငွေးပုလဲ၊ ကျော်(စက်မှု)၊ မြတ်ဘုန်း(တပ်ကုန်း)၊ ဦးမြဝင်း၊ စိုးစံ၊ ရွှေကိုဦး၊ အောင်အောင်ထွေး၊ စောဟန်၊ လွမ်းမောင်(သုဝဏ္ဏ)၊ စည်သူကျော်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာပန်းရုံရိပ်၊ တောဝေလေ့စာပန်းချီ၊ မှတ်သားစရာသတ်ပုံကဗျာ၊ ဗုဒ္ဓစာဥယျာဉ်၊ ရုပ်ရှင်ကဏ္ဍ၊ ဖွံ့ဖြိုးဝေစည် နိုင်ငံ့ဂုဏ်ရည်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံတကာမြင်ကွင်း၊ သတင်းကဏ္ဍ အစရှိသည့် ကဏ္ဍစုံဖြင့် သုတရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ရှိ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၁) ၅၂၉/၅၃၁ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၂) သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ရှေ့ ဖုန်း-၇၂၅၅၃၀နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)

အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

မြစ်ကြီးနား ဇန်နဝါရီ ၈

အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ကချင်ပြည်နယ် (မြစ်ကြီးနားမြို့) အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၇ရက်က မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်စွဲ

နံနက်ပိုင်း အမျိုးသမီး ဘောလုံးဗိုလ်လုပွဲတွင် ဗန်းမော်တက္ကသိုလ် အမျိုးသမီးဘောလုံးအသင်းနှင့် မိုးညှင်းဒီဂရီကောလိပ် အမျိုးသမီး ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗန်းမော် အမျိုးသမီးဘောလုံးအသင်းက မိုးညှင်းဒီဂရီကောလိပ် ဘောလုံးအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး ညနေပိုင်း အမျိုးသား ဘောလုံးဗိုလ်လုပွဲတွင် မိုးညှင်းဒီဂရီကောလိပ် အမျိုးသားအသင်းနှင့် မြစ်ကြီးနားတက္ကသိုလ် အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိုးညှင်းအမျိုးသားအသင်းက မြစ်ကြီးနား အမျိုးသားဘောလုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသားအသင်းလိုက် တံခွန်စိုက်ဖလားဆုရရှိသည့် မိုးညှင်းဒီဂရီကောလိပ် အမျိုးသားဘောလုံးအသင်းကို မြစ်ကြီးနားတက္ကသိုလ် ကျောင်းအုပ်ကြီး ပါမောက္ခချုပ် ဒေါက်တာမောင်မောင်က ဆုချီးမြှင့်ပြီး အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဖလားဆုရရှိသည့် ဗန်းမော်အမျိုးသမီး ဘောလုံးအသင်းကို မြစ်ကြီးနားတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်သီတာက ဆုချီးမြှင့်သည်။ **(အပေါ်ပုံ)** (၀၀၃)

ရေအားလျှပ်စစ်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၈

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang (Yunnan) United Hydropower Developing Co.,Ltd. (DUHD) မှ President Mr.Jiang Jianping နှင့် အဖွဲ့သည် ဇန်နဝါရီ ၇ရက် ညနေပိုင်းက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာ၌ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ DUHD မှ Chief Economic Mr.Wu Jing နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် Datang (Yunnan) United Hydropower Developing Co.,Ltd. (DUHD) တို့ နမ့်တဘက်၊ နမ့်ပွန်၊ ရွာသစ်နှင့် လေးမြို့ ရေအားလျှပ်စစ်စီမံကိန်းများအား ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ DUHD မှ President Mr.Jiang Jianping၊ Shwe Taung Development Co., Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဇော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် DUHD မှ Chief Economic Mr.Wu Jing က လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အပြန်အလှန်

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် DUHD မှ President Mr.Jiang Jianpingတို့သည် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး **(အပေါ်ပုံ)** စာချွန်လွှာများကို အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒေါ်ရှုခင်အားရည်စူး၍ အမှတ်(၅-က) ဇေယျာသီရိလမ်း လှည်းတန်းကမာရွတ်မြို့နယ် ရန်ကုန်မြို့နေ ဦးသိန်းလွင်၊ သမီး ဒေါ်မြမြလွင်၊ ဒေါ်ချိုချိုလွင်နှင့် မြေးများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် ၁၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဦးတင်သိန်းလွင် လက်ခံယူစဉ်။ (သံဃာ့ဆေးရုံ)

Myanmar Book Centre ၏ စာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

Myanmar Book Centre ၏ မိတ်ဟောင်းမိတ်သစ်များအား မင်္ဂလာနှစ်သစ်၌ ကြိုဆိုသောအားဖြင့်လည်းကောင်း၊ အသစ်ရောက်ရှိလာသော စာအုပ်များအား မိတ်ဆက်လိုသောကြောင့်လည်းကောင်း "YEAR END SALE AND NEW YEAR GIFT PROGRAMME" အစီအစဉ်ကို ဇန်နဝါရီ ၉ရက် **(ယနေ့)**မှ ၁၂ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အကျိုးကျေးဇူး

ယင်းအစီအစဉ်တွင် ဝယ်ယူသူများအနေဖြင့် အကျိုးကျေးဇူးနှစ်မျိုး ရရှိမည်ဖြစ်ပြီး ပထမတစ်ခုမှာ Discount ရရှိခြင်းနှင့် ဒုတိယတစ်ခုမှာ New Year Gift Book များ ရရှိမည်ဖြစ်ကြောင်း သိရသည်။ ယခုပြုလုပ်မည့် အထူးအစီအစဉ်တွင် Members များအား 15% Discount နှင့် Non-members များအား 10% Discount ပေးသွားမည့်အပြင် ငွေကျပ် ၁၀၀၀၀ ဖိုး ဝယ်ယူသူတိုင်းအား Gift Book တစ်အုပ်စီ လက်ဆောင်ပေးသွားမည်ဖြစ်သည်။ Gift Book များမှာ ကလေးစာအုပ်များ၊ အင်္ဂလိပ်စာသင်ကြားရေးစာအုပ်များ၊ ဝိဇ္ဇာ/သိပ္ပံ အဆင့်မြင့်ပညာရေး စာအုပ်များ၊ Management, Economics စာအုပ်များ များစွာပါဝင်ကြောင်း သိရသည်။

တစ်ပြိုင်တည်း

ယင်းအစီအစဉ်ကို Myanmar Book Centre ၏ Outlets များဖြစ်သော ဆိုင်(၁) အမှတ်(၅၅) ဗဟိုလမ်း၊ ဗဟိုလမ်းနှင့် အလုံလမ်းထောင့် အလုံမြို့နယ် ရန်ကုန်မြို့၊ ဆိုင်(၂) အမှတ်(၅၆၁-၅၆၇) အခန်း(၃) မြေညီထပ် MAC Tower (1) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တို့၌ နံနက် ၉နာရီမှ ညနေ ၆နာရီနှင့် မန္တလေးဆိုင်ခွဲဖြစ်သော Room(429), Level-4, 78 Shopping Centre, Mandalay ဆိုင်တွင် နံနက် ၉ နာရီမှ ည ၉နာရီအထိ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၁-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ ကဗျာပန်းဥယျာဉ်
- ၇း၅၅ ၆။ တေးဂီတအစီအစဉ်
- ၈း၁၅ ၇။ အကပြိုင်ပွဲ
- ၈း၃၀ ၈။ International News
- ၈း၄၀ ၉။ Crossroads Cafe (Episode-22) (Helping Hands)
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၅၀ ၅။ Yan Can Cook
- ၁၃း၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း- ၆၁)
- ၁၄း၀၀ ၇။ ရုပ်မြင်ရသ တေးစုကဏ္ဍ
- ၁၄း၁၅ ၈။ လေ့လာစရာစုံလင်စွာ ကျောက်ဖြစ်အင်ကြင်းလိပ်ပြာကမ္ဘာ
- ၁၄း၃၀ ၉။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ အက
- ၁၄း၄၀ ၁၀။ International News
- ၁၄း၄၅ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၄၅ ၁။ Myanmar National League MNL Cup (2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မကွေး F.C နှင့် ဇေယျာရွှေမြေ F.C)
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေ၀သအခြေအနေ
- ၆း၂၀ ၅။ **အလှရှာမယ် လှကမ္ဘာဝယ်**
- ၆း၄၀ ၆။ **ယဉ်တစ်ကိုယ်မယ် ယဉ်တစ်ကိုယ်မယ်ရဲ့ ယဉ်တစ်ကိုယ်မယ်**
- ၇း၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၂)
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေ၀သအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၇၅)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာချစ်သံသာ** (အပိုင်း-၂၇)
- ၁၃။ **ဂီတတံခါးလေးဖွင့်ပါဦး**
- ၁၄။ အစီအစဉ်ပြီး၏။

● ရှေ့ဖုံးမှ

အထွေထွေမန်နေဂျာ ဦးဇော်ထွန်းနှင့် တွေ့ဆုံကာ သိလိုသည်များကို မေးမြန်းခဲ့ပါသည်။

"ဒီစက်ရုံကို တည်ဆောက်ရတာကတော့ နိုင်ငံတော်ရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် လိုအပ်တဲ့ ကုန်တင်ယာဉ်၊ ဘတ်စ်ကားများ၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စက်မှုလုပ်ငန်း တိုးတက်ရေးတွေမှာ လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားပေးစက်များ၊ တည်ဆောက်ရေးလုပ်ငန်းတွေမှာ လိုအပ်တဲ့ စက်ယန္တရားများအတွက် ဒီဇယ်အင်ဂျင်တွေ ဖြည့်ဆည်းပေးရေး၊ ပြည်ပသွင်းကုန် အစားထိုးအဖြစ် ဒီဇယ်အင်ဂျင် ထုတ်လုပ်ခြင်းကြောင့် နိုင်ငံခြားသုံးငွေ သက်သာစေရေး၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ခံစားရရှိရေး၊ စက်မှုနည်းပညာများ ပြန့်ပွားစေရေးတို့အတွက် ဖြစ်ပါတယ်" ဟု ရှင်းပြသည်။

စက်ရုံအလုပ်ရုံများ တည်ဆောက်ခြင်းဖြင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေကာ ဒေသဖွံ့ဖြိုးရေးအတွက်လည်း ကြီးမားစွာ အထောက်အကူ ပြုလျက်ရှိသည်။ ထို့အပြင် စက်မှုနိုင်ငံထူထောင်ရေး၌ စက်မှုဇုန်များ၊ စက်မှုနယ်မြေများ၊ စက်ရုံအလုပ်ရုံများ ဖြစ်ထွန်းပေါ်ပေါက်ရေးသည် လွန်စွာအရေးကြီးသည့် အချက်ပင်ဖြစ်သည်။

"ဒီစက်ရုံမှာ တစ်နှစ်ကို အင်ဂျင်အလုံး ၇၀၀ထုတ်လုပ်နိုင်တဲ့ စွမ်းအားရှိပါတယ်"
ဦးဇော်ထွန်း
အထွေထွေမန်နေဂျာ

ဆက်လက်ရှင်းပြ

"ဒီစက်ရုံအနေနဲ့ ထုတ်လုပ်နေတဲ့ အင်ဂျင်တွေကတော့ 6V, 128ZC, 8V, 128ZC, 12V, 128ZC တို့ဖြစ်ပါတယ်။ အဲဒီအင်ဂျင်တွေကို ဒီစက်ရုံကနေပြီး တစ်နှစ်မှာ အလုံး ၇၀၀ ထုတ်လုပ်နိုင်တဲ့ စွမ်းအားရှိပါတယ်။ လက်ရှိအချိန်မှာတော့ အမှာစာတွေ လက်ခံရရှိနေပြီဖြစ်လို့ လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါတယ်" ဟု အထွေထွေမန်နေဂျာ ဦးဇော်ထွန်းက ဆက်လက်ရှင်းပြသည်။

ဘက်စုံသုံး ဒီဇယ်အင်ဂျင် အစိတ်အပိုင်းများကို ခေတ်မီစက်ကြီးများဖြင့် ဤသို့ တပ်ဆင်ပြုလုပ်နေသည်။ (မြန်မာ့အလင်း)

ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံမှ ထုတ်လုပ်သည့် ဒီဇယ်အင်ဂျင်များမှာ တန်ဖိုးသက်သာမှု၊ အင်ဂျင်အရန်ပစ္စည်းများ အလွယ်တကူ ရရှိနိုင်မှုတို့ အားသာချက်ရှိ။ တစ်ဖန် ပြုပြင်ထိန်းသိမ်းမှုအတွက် လိုအပ်သည့်အကူအညီနှင့် နည်းပညာများကို စက်ရုံမှ ဖြည့်ဆည်းပေး။ ထို့အပြင် ဒီဇယ်အင်ဂျင်များကို အသုံးပြုသည့် လုပ်ငန်းခွင်နှင့် ကိုက်ညီအောင် ပြောင်းလဲတပ်ဆင်ပေးနိုင်ကြောင်းသိရ။ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံတွင် မြန်မာနိုင်ငံ၌ မည်သည့်စက်ရုံမှ မထုတ်နိုင်သေးသည့် ကရိုင်းရှပ်နှင့် အင်ဂျင်ကိုယ်ထည် အကြီးစားများကို ထုတ်လုပ်ပေးလျက်ရှိ။

ပြောင်းလဲတပ်ဆင်ပေး

ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှု စက်ရုံမှ ထုတ်လုပ်သည့် ဒီဇယ်အင်ဂျင်များမှာ တန်ဖိုးသက်သာမှု၊ အင်ဂျင်အရန်ပစ္စည်းများ အလွယ်တကူ ရရှိနိုင်မှုတို့ အားသာချက်ရှိသည်။ တစ်ဖန် ပြုပြင်ထိန်းသိမ်းမှုအတွက် လိုအပ်သည့်အကူအညီနှင့် နည်းပညာများကို စက်ရုံမှ ဖြည့်ဆည်းပေးမည်ဖြစ်သည်။ ထို့အပြင် ဒီဇယ်အင်ဂျင်များကို အသုံးပြုသည့် လုပ်ငန်းခွင်နှင့် ကိုက်ညီအောင် ပြောင်းလဲတပ်ဆင်ပေးနိုင်ကြောင်း သိရသည်။ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံတွင် မြန်မာနိုင်ငံ၌ မည်သည့်စက်ရုံမှ မထုတ်နိုင်သေးသည့် ကရိုင်းရှပ်နှင့် အင်ဂျင်ကိုယ်ထည် အကြီးစားများကို ထုတ်လုပ်ပေးလျက်ရှိသည်။

ထို့နောက် စက်ရုံအတွင်း ဒီဇယ်အင်ဂျင်များ ထုတ်လုပ်သည့် အလုပ်ရုံများသို့ သွားရောက်လေ့လာခဲ့သည်။ စက်ပစ္စည်းအလုပ်ရုံသစ်သို့ ရောက်ရှိရာ ကြီးမားခံ့ထည်သော အဆောက်အအုံကြီးအဖြစ် သတိပြုမိသည်။ ကျယ်ဝန်းသည့် အလုပ်ရုံအတွင်း စက်များနှင့် လုပ်ငန်းခွင်ဝင်နေကြသူများကို တွေ့ရသည်။ အင်ဂျင်ကိုယ်ထည်နှင့် ဆက်စပ်ပစ္စည်းများကို ခေတ်မီစက်ကြီးများဖြင့် တပ်ဆင်ရန်အသင့်ဖြစ်သည်အထိ စက်ခုတ်စားခြင်းများ ပြုလုပ်နေကြသည်။ စက်ခုတ်စားပြီးသော ပစ္စည်းများကို စံချိန်စံညွှန်းတိုင်းသည့် စက်ကြီးဖြင့် စနစ်တကျ စစ်ဆေးနေသည်ကို တွေ့ရသည်။

စက်စွမ်းအားအပြည့်သုံး

တစ်ဖန် စက်ပစ္စည်းအလုပ်ရုံတွင် Crank Shaft, Cam Shaft, Connecting Rod စသည့် အစိတ်အပိုင်းများကို ခေတ်မီစက်ကြီးများဖြင့် စက်ခုတ်စားနေမှုကို စက်စွမ်းအားလူစွမ်းအား အပြည့်သုံးကာ ပြုလုပ်နေကြသည်ကို တွေ့ရသည်။ ထိုမှ သံပုံထောင်းအလုပ်ရုံဘက်သို့ သွားရောက်လေ့လာခဲ့ရာ မြင်းကောင်ရေ ၂၇၄၊ မြင်းကောင်ရေ ၅၀၀နှင့် မြင်းကောင်ရေ ၈၀၀ရှိ ဒီဇယ်အင်ဂျင်များအတွက် Crank Shaft များကို ထုတ်လုပ်ရန် စက်ပစ္စည်းများအား သံပုံထောင်းပြုလုပ်နေမှုကို တွေ့ရသည်။ ဤအလုပ်ရုံရှိ ပုံထောင်းစက်ကြီး၌ အသုံးပြုထားသော အောက်ခံသံတုံးကြီးများမှာ တန် ၁၀၀ခန့်နှင့် ၁၂၀တန်ရှိရာ ဤစက်ရုံသို့ ယင်းသံတုံးကြီးများ ရောက်ရှိရန် လမ်းတစ်လျှောက်ရှိ တံတားများကို နည်းပညာသုံး၍

ဖြတ်သန်း...
(၂) ဝန်...
မနေနိုင်။
ထို့နော...
တွင် အ...
ဆီကန်၊ ဆ...
သန့်စင်စေ...

စစ်ဆေးပြုလုပ်ပေ...

ဒီဇယ်အင်ဂျင် အစိတ်အပိုင်းများကို နော... များဖြင့် ဤသို့ စစ်ဆေးပြုလုပ်ပေးလျက်ရှိသည်...

နော... စနစ်ဖြင့်... စစ်ဆေး...

ရရှိစေရန်... လျက် စံ... စစ်ဆေးမှု... သည်ကို... သွန်းလော... ဆလင်ဒါပ... အပိုင်းများ... ထုတ်လုပ်... စနစ်ကျစွာ...

ဈေးကွ...

ဆက်... များ တပ်...

ပြည်ပမှ စက်များထက် ဈေးနှုန်းလျှော့နည်းပြီး ဆီစားလည်း အထူးသက်သာသည့်အပြင် ကြာရှည်ခံကာ လုပ်ငန်းတွင်ကျယ်သဖြင့် ဝယ်လိုအားကောင်းသည့် အင်ဂျင်အမျိုးအစားပင်ဖြစ်သည်။

တစ်ဖန် 12V 128ZC ဒီဇယ်အင်ဂျင်သည် မြင်းကောင်ရေ ၅၀၀-၈၀၀ HP ရှိရာ ရေယာဉ်များ၊ ရထားစက်ခေါင်းများ၊ အကြီးစား လျှပ်စစ်ဂျင်နရေတာများနှင့် လေမှုတ်စက်များတွင် တပ်ဆင်အသုံးပြုနိုင်သည်။

ဒီဇယ်အင်ဂျင်များ

ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ (သာဂရ)မှ ထုတ်လုပ်ထားသည့် 6V 28ZC၊ 8V 128ZC၊ 12V 128ZC ဒီဇယ်အင်ဂျင်များကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ဘက်စုံသုံး ဒီဇယ်အင်ဂျင်ကို ခေတ်မီစက်များဖြင့် ဤသို့ တပ်ဆင်စစ်ဆေးမှုများ ပြုလုပ်သဖြင့် ကြံ့ခိုင်မှုအပြည့်ရှိစေသည်။
(မြန်မာ့အလင်း)

တွင်ကျယ်စွာအသုံးပြုနိုင်

စက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် 6V 128ZC ဒီဇယ်အင်ဂျင်သည် မြင်းကောင်ရေ ၂၅၀-၄၀၅ HP ရှိပြီး စက်လည်နှုန်း တစ်မိနစ် ၁၅၀၀-၂၂၀၀ရှိသည်။ ထို့ကြောင့် ကုန်တင်ယာဉ်၊ ဘတ်စ်ကား၊ စီးတီးဘတ်စ်၊ မီးသတ်ယာဉ်များ၊ ဆီနှင့် ရေသယ်ယာဉ်များ၊ မြေထိုး၊ မြေတူး ယန္တရားများတွင် တပ်ဆင်အသုံးပြုပါက ငွေကြေးသက်သာပြီး လုပ်ငန်းများတွင်ကျယ်စွာ အသုံးပြုနိုင်ကြောင်း သိရသည်။

ထို့အတူ 8V 128ZC ဒီဇယ်အင်ဂျင်သည်လည်း မြင်းကောင်ရေ ၃၃၀-၅၄၂ HP ရှိသဖြင့် ရထားစက်ခေါင်းအလတ်စားများ၊ အလတ်စားရေယာဉ်များ၊ ဂျင်နရေတာစက်များ၊ လေမှုတ်စက်များ၊ သတ္တုတူးဖော်ရေး စက်ယန္တရားများနှင့် ရေနံတွင်းတူး စက်ယန္တရားများ၌ အသုံးပြုနိုင်သည်။

မာရိုန်ပြောင်း အလုပ်ရုံ

ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်ရာတွင် မာရိုန်ပြောင်း အလုပ်ရုံ၌ အင်ဂျင်အစိတ်အပိုင်းများ စံနှုန်းမီမာဆင့် ရရှိစေရန် ဆီကန်၊ ဆားရည်ကန်များဖြင့် စစ်ဆေးမှုအဆင့်ဆင့်ကို ကျွမ်းကျင်ဝန်ထမ်းများက ဤသို့ပြုလုပ်ပေးကြသည်။
(မြန်မာ့အလင်း)

စက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် 6V 128ZC ဒီဇယ်အင်ဂျင်... HP ရှိပြီး စက်လည်နှုန်း တစ်မိနစ် ၁၅၀၀-၂၂၀၀ ရသည်။ ထို့ကြ... စီးတီးဘတ်စ်၊ မီးသတ်ယာဉ်များ၊ ဆီနှင့် ရေသယ်ယာဉ်များ၊ မြေထိုး၊ ... အသုံးပြုပါက ငွေကြေးသက်သာပြီး လုပ်ငန်းများ တွင်ကျယ်စွာ အ...

ထို့အတူ 8V 128ZC ဒီဇယ်အင်ဂျင်သည်လည်း မြင်းကော... ရထားစက်ခေါင်းအလတ်စားများ၊ အလတ်စားရေယာဉ်များ၊ ဂျင်န... သတ္တုတူးဖော်ရေးစက်ယန္တရားများနှင့် ရေနံတွင်းတူးစက်ယန္တရားများ၌ အ... ဈေးနှုန်းလျှော့နည်းပြီး ဆီစားလည်း အထူးသက်သာသည့်အပြင် ကြာ... ဝယ်လိုအားကောင်းသည့် အင်ဂျင်အမျိုးအစားပင်။

သည့် စက်ကြီးဖြင့် စနစ်တကျ စစ်ဆေးနေသည်ကို တွေ့ရသည်။

စက်စွမ်းအားအပြည့်သုံး

တစ်ဖန် စက်ပစ္စည်းအလုပ်ရုံတွင် Crank Shaft, Cam Shaft, Connecting Rod စသည့် အစိတ်အပိုင်းဖြတ်သန်းသယ်ဆောင်ခဲ့သည့် စက်မှု (၂) ဝန်ထမ်းများအား မချီးမွမ်းဘဲ မနေနိုင်။

ထို့နောက် မာရှိန်ပြောင်းအလုပ်ရုံတွင် အင်ဂျင်အစိတ်အပိုင်းများကို ဆီကန်၊ ဆားရည်ကန်များ ဖြတ်သန်းပြီး သန့်စင်စေကာ လိုအပ်သည့်အပူကို အလုပ်ရုံသို့ ရောက်ရှိခဲ့သည်။ အင်ဂျင်များကို သန့်စင်သည့် စက်များ၊ အင်ဂျင်အစိတ်အပိုင်းများကို တပ်ဆင်သည့် စက်များ၊ အင်ဂျင်ရှိ လျှပ်စစ်အစိတ်အပိုင်းများကို တပ်ဆင်ခြင်းများကို ပညာရှင်များနှင့် ကျွမ်းကျင်ဝန်ထမ်းများက ခေတ်မီစက်ကိရိယာများ အသုံးပြု၍ တပ်ဆင်နေကြသည်ကိုတွေ့ရသည်။ ပြည့်စုံစွာ တပ်ဆင်ပြီး အင်ဂျင်များကို အရည်အသွေးစစ်ဆေးရန် အင်ဂျင်စမ်းသပ်ခန်း ငါးခန်း၌ ခေတ်မီစက်များဖြင့် တိကျစွာ စံနှုန်းများနှင့် ကိုက်ညီမှုရှိမရှိ အကြိမ်ကြိမ် စစ်ဆေးသည်။ ပြီးနောက် အင်ဂျင်များကို သန့်စင်မှုပြုလုပ်ကာ ဆေးမှုတ်ပြီးပါက ဈေးကွက်ပို့ရန် အသင့်အနေအထား ရောက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

စစ်ဆေးပြုလုပ်ပေး

ဒီဇယ်အင်ဂျင် အစိတ်အပိုင်းများကို နောက်ဆုံးပေါ် ခေတ်မီစက်များဖြင့် ဤသို့ စစ်ဆေးပြုလုပ်ပေးလျက်ရှိသည်။ (မြန်မာ့အလင်း)

ဒုတိယအဆင့်အနေဖြင့် မြင်းကောင်ရေ ၂၂၀၀-၂၇၀၀ ရှိ ဒီဇယ်အင်ဂျင်များ၊ မြင်းကောင်ရေ ၇၀၀၀ခန့်ရှိ ဒီဇယ်အင်ဂျင်ကြီးများ ဆက်လက်ထုတ်လုပ်သွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘက်စုံသုံး ဒီဇယ်အင်ဂျင်စက်ရုံတွင် အင်ဂျင်အစိတ်အပိုင်းအားလုံးကို စနစ်တကျ အရည်အသွေးနှင့် စံချိန်စံညွှန်းအတိုင်း ပြည့်မီစွာ နိုင်ငံတကာနှင့်အညီ ထုတ်လုပ်နေမှုကို မျက်ဝါး

နောက်ဆုံးအဆင့်ထုတ်လုပ်ပြီးသော ဒီဇယ်အင်ဂျင်များကို ကွန်ပျူတာစနစ်ဖြင့် စံချိန်စံညွှန်းပြည့်မီမှု ရှိမရှိ ကျွမ်းကျင်သူများက ဤသို့ စနစ်တကျ စစ်ဆေးမှုပြုလုပ်ရသည်။ (မြန်မာ့အလင်း)

များကို ခေတ်မီစက်ကြီးများဖြင့် စက်ခုတ်စားနေမှုကို စက်စွမ်းအားလူစွမ်းအား အပြည့်သုံးကာ ပြုလုပ်နေကြသည်ကို တွေ့ရသည်။ ထိုမှ သံပုံထောင်းအလုပ်ရုံဘက်သို့ သွားရောက်လေ့လာခဲ့ရာ မြင်းကောင်ရေ ၂၇၄၊ မြင်းကောင်ရေ ၅၀၀နှင့် မြင်းကောင်ရေ ၈၀၀ရှိ ဒီဇယ်အင်ဂျင်များအတွက် Crank Shaft များကို ထုတ်လုပ်ရန် စက်ပစ္စည်းများအား သံပုံထောင်းပြုလုပ်နေမှုကို တွေ့ရသည်။ ဤအလုပ်ရုံရှိ ပုံထောင်းစက်ကြီး၌ အသုံးပြုထားသော အောက်ခံသံတုံးကြီးများမှာ တန် ၁၀၀ခန့်နှင့် ၁၂၀တန်ရှိရာ ဤစက်ရုံသို့ ယင်းသံတုံးကြီးများ ရောက်ရှိရန် လမ်းတစ်လျှောက်ရှိ တံတားများကို နည်းပညာသုံး၍ ရှိစေရန် မော်တာများဖြင့် ပြုလုပ်လျက် စံနှုန်းအတိုင်း မာဆင့်ရမရ စစ်ဆေးမှုအဆင့်ဆင့် ပြုလုပ်နေကြသည်ကို တွေ့ရသည်။ ထို့အတူ သွန်းလောင်းရုံတွင် အင်ဂျင်ကိုယ်ထည် ဆလင်ဒါဟတ်၊ ပူလီ စသည့် အစိတ်အပိုင်းများကို သံရည်သွန်းလောင်းထုတ်လုပ်နေမှုကလည်း အဆင့်ဆင့် စနစ်ကျစွာ ဆောင်ရွက်နေကြသည်။

ဈေးကွက်ပို့ရန်အသင့်ရောက်ရှိ

ဆက်လက်ပြီး စက်အစိတ်အပိုင်းများ တပ်ဆင်ခြင်းနှင့် စမ်းသပ်ရေး ထင်ထင် တွေ့မြင်ခဲ့ရသည်။ လက်တွေ့လုပ်ငန်းခွင်၌ အသုံးတည့်ပြီး စွမ်းအားမြင့်မားသည့် ဒီဇယ်အင်ဂျင်များလည်း ဖြစ်သည်။ အသုံးပြုသူများ အကြိုက်တွေ့မည့်အင်ဂျင်များအဖြစ် ဝယ်လိုအားများမည်မှာ သေချာသည်။

ထို့ကြောင့် သာဂရ စက်မှုနယ်မြေမှ ဘက်စုံသုံး ဒီဇယ်အင်ဂျင်များသည် မြန်မာ့စက်မှုကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် အသွင်သစ်ဖြင့် ဂုဏ်တင့်စွာ အလှဆင်ပေး လျက်ရှိနေပါကြောင်း ကွင်းဆင်းစေ့ငု ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

6V 128ZC ဒီဇယ်အင်ဂျင်သည် မြင်းကောင်ရေ ၂၅၀-၄၀၅ ...စ် ၁၅၀၀-၂၂၀၀ ရသည်။ ထို့ကြောင့် ကုန်တင်ယာဉ်၊ ဘတ်စ်ကား၊ ...နှင့် ရေသယ်ယာဉ်များ၊ မြေထိုး၊ မြေတူးယန္တရားများတွင် တပ်ဆင် လုပ်ငန်းများ တွင်ကျယ်စွာ အသုံးပြုနိုင်ကြောင်းသိရ။

...ယ်အင်ဂျင်သည်လည်း မြင်းကောင်ရေ ၃၃၀-၅၄၂ HP ရှိသဖြင့် ...အလတ်စားရေယာဉ်များ၊ ဂျင်နရေတာစက်များ၊ လေမှုတ်စက်များ၊ ...ရေနံတွင်းတူးစက်ယန္တရားများ၌ အသုံးပြုနိုင်။ ပြည်ပမှ စက်များထက် ...အထူးသက်သာသည့်အပြင် ကြာရှည်ခံကာ လုပ်ငန်းတွင်ကျယ်သဖြင့် ...မျိုးအစားပင်။

ဝါအဝယ်ဒိုင်များနှင့် စားဖိုဆောင်သီးနှံစိုက်ခင်းများ
တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၈

နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မြောက်မြိုက်ကျေးရွာအုပ်စုရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝါအဝယ်ဒိုင်များ၌ ဝါဝယ်ယူရောင်းချနေမှုနှင့် စားဖိုဆောင်သီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါဒိုင်အမှတ် (၂)၌ ဝါ၏အရည်အသွေးကိုလိုက်၍ အဆင့်လိုက် အမျိုးအစားခွဲခြားကာ ငွေချည်(၆) ချည်မျှင်ရှည်ဝါများဝယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ပြသထား

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နေပြည်တော်တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာအုပ်စု စားဖိုဆောင်သီးနှံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူတစ်ဦးက စိုက်ပျိုးထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စိုက်ခင်းမှ ထွက်ရှိသော သီးနှံများ ပြသထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီး

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆင်သေချောင်း ကမ်းပါးတစ်လျှောက်ရှိ စားဖိုဆောင်သီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် လက်ရွေးစင် ဘော်လီဘောအသင်း ချစ်ကြည်ရေး ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဇန်နဝါရီ ၈

နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းသည် နိုင်ငံတကာ အတွေ့အကြုံကောင်းများကို ရရှိစေရန်အတွက် ဘင်္ဂလားဒေ့ရှ် လက်ရွေးစင် ဘော်လီဘောအသင်းနှင့် ချစ်ကြည်ရေး လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းနှင့် ဘင်္ဂလားဒေ့ရှ် လက်ရွေးစင် ဘော်လီဘောအသင်းတို့၏ ချစ်ကြည်ရေး လက်ရည်စမ်းပွဲများကို ဇန်နဝါရီ (၁၂၊ ၁၄၊ ၁၆၊ ၁၈)ရက် ညနေ ၃နာရီတွင် ကျင်းပမည်ဖြစ်ရာ ဝင်ကြေးအဖြစ် အခမဲ့ သတ်မှတ်ထားသည်။ မြန်မာအသင်းမှာ (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သည့် အသင်းကို အခြေခံ၍ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အုပ်ချုပ်သူ ဦးသိန်းဝင်း (ဒုတိယဥက္ကဋ္ဌ ဘော်လီဘောအဖွဲ့ချုပ်)၊ နည်းပြချုပ် ဦးညီညီလွင်၊ လက်ထောက်နည်းပြ ဦးသိန်းဆွေ၊ အားကစားသမားများအဖြစ် ရဲမြင့်၊ ရဲမင်းအောင်၊ ကျော်စွာဝင်း၊ ကျော်ရွှေဝင်းထွန်းဦး၊ ရဲရင့်ထွန်း၊ ကျော်ဇင်ဝင်းထွဋ်၊ ပိုင်သ၊ စိုင်းညီလေး၊ ဒိုမေးနီကို၊ အောင်မြတ်ထွန်းနှင့် ကျော်ကျော်ထွေး တို့ပါဝင်ကြသည်။

(အောက်ပုံ) (မြန်မာ့အလင်း)

News Watch (စောင့်ကြည့်) ဂျာနယ်
အတွဲ(၅)၊ အမှတ်(၂၄)ထွက်နေပြီ

ရန်ကုန် ဇန်နဝါရီ ၈

လာမည့် ဘဏ္ဍာနှစ်အတွင်း မိုဘိုင်းလ်ဖုန်း တစ်သိန်းသုံးသောင်းချပေးရန်ရှိ၊ ရောင်တော်ပြန်နှင့် ရေလွှတ်ကာ ကြိုးဖုန်းများဆက်သွယ်ခ ဈေးတက်နေ၊ မီတာတပ်ထားသော တက္ကစီကားများ မီတာဖြင့်မမောင်းက မှတ်ပုံတင် ရုပ်စဲသည်အထိ ထိရောက်စွာ အရေးယူမည်၊ အိမ်ခြံမြေဈေးကွက် ငြိမ်ရခြင်းအကြောင်း၊ ဆေးရုံဆေးခန်းများမှာ စရိတ်မျှပေးစနစ် ကျင့်သုံးလျှင် ဘယ်လို အကောင်အထည်ဖော်သင့်ကြောင်း၊ ဆေးနှင့် ဆေးပစ္စည်း အရောင်းဆိုင်များနှင့် အခြားဆိုင်များ၊ ဓာတုပစ္စည်းနှင့် အဆိပ်ဆေးဝါး ရောင်းလျှင် သတိထား၊ တစ်မိသားစု သုံးလို့ရသည့် ရေသန့်ပလတ်စတစ် ပုံးပြုလုပ်နည်း၊ ဘုရင်မပန်းခြံမှ မဟာဗန္ဓုလပန်းခြံသို့၊ ဂီတမူပိုင်ခွင့်ရှင်းတမ်း၊ ကိုကိုးကျွန်းတွင် ဟိုတယ်နှင့် ဘန်ဂလိုဆောက်လိုသူများပေါ်ပေါက်၊ ဂျာနယ်အငှားဆိုင်များနှင့် ဂျာနယ်ဖတ်သူများ၊ ဆိုမာလီဓားပြများ အတင့်ရဲစွာ သင်္ဘောနှစ်စင်းကို တစ်ပြိုင်တည်း ပြန်ပေးဆွဲ၊ ကျောက်စိမ်းတန်ချိန် ၂၁၉တန် တရုတ်သို့တင်ပို့၊ မန္တလေးတွင် အသားလိုင်စင်များ ၁၀ရာခိုင်နှုန်း တိုးကောက်မည်၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ အုပ်စုမှရှယ်ယာများ ဝယ်ယူနိုင်၊ ကိုရီးယားသင်္ဘောလိုင်း မြန်မာသင်္ဘောသားများကို ပိုမိုခေါ်ယူ၊ မော်လိုက်မြို့နယ် ယောစုရွာများမှာ ရွှေတွေထွက်၊ အမှိုက်ကျုံးသူများ လက်အိတ်စွပ်သင့် စသည့် မြန်မာသတင်းများ၊ ဟစ်တလာနှင့်နာဇီတွေကို အန်တုခဲ့သူ အဘွားအို သေဆုံးရှာ၊ မြန်မာနှင့် မရှေးမနှောင်းကျမည့် သီရိ လက်ရွေးကောက်ပွဲ၊ ဘင်လာဒင် သမီးကိုလွှတ်ရန် ဆော်ဒီကတောင်းဆို၊ စောင့်ကြည့်ရမည့် ပုဂ္ဂိုလ်များစသည့် ကမ္ဘာ့သတင်းများ၊ သရုပ်ဆောင်ဘဝကို သူညက စခဲ့ပါတယ်ဆိုသူ ဝတ်မှုန်ရွှေရည်၊ မိုးရဲ့ဖက်ရှင်၊ မော်ဒယ်လ်နိုဘယ်ကျော်ကျော်၊ အကောင်းမြင်ဝါဒသမား လီဆောင်းဦး၊ အိန်ဂျယ်ချစ်သူ ဂျန်ဂျွန်စု စသည့် ဖျော်ဖြေရေးနှင့် အနုပညာကဏ္ဍ စသည်တို့ဖြင့် အတွဲ (၅)၊ အမှတ်(၂၄) News Watch (စောင့်ကြည့်) သတင်းဂျာနယ် ထွက်နေပြီဖြစ်သည်။

(သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိသည်။

အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေး အာမခံချက်မရှိကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ
၁။	Rycin-K tablet Phenoxymethylpenicillin Potassium BP eq:to 250mg Phenoxymethylpenicillin (Free acid eq;to 400,000 IU)	ALBION Lab Ltd. Bangladesh.
၂။	Nutroplex Liquid 60ml (Vitamins, mineral)	Unilab pharmaceuticals Co.,Ltd. Thailand
၃။	Panvid Tablets (Vit A 2500IU, Vit D 300IU, VitB_1, HCL 1mg, Vit B_2 1mg, Vit B_6 HCL 0.5mg, Vit C 15mg)	Picco pharma Co.,Ltd., Bangkok. Thailand
၄။	Malacin injection (Chloroquine 200mg/5ml)	ANB Laboratories Co.,Ltd. Thailand
၅။	Baby Powder Tra Rung Phueng [Benzoic acid 2 (acetyloxy), (Salicyclic acid acetate) (aspirin) (162mg)]	Chankit Trading Ltd. Part Bangkok, Thailand

အများပြည်သူတို့အနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မိခင်နှင့်ကလေး ကျန်းမာစေဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

ပါမောက္ခ ဒေါက်တာပိုင်စိုး

"ပုခက်လွှဲသောလက်သည် ကမ္ဘာကို စိုးမိုးနိုင်သည်" ဟူသော ဆောင်ပုဒ်အရ မိခင်သည် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပေသည်။ သို့ဖြစ်၍ မိခင်တိုင်း ကျန်းမာသန်စွမ်း၍ အန္တရာယ်ကင်းစွာမီးဖွားပြီး ကျန်းမာသော အနာဂတ်မျိုးဆက်သစ်ကလေးများ မွေးထုတ်နိုင်မှသာ နိုင်ငံအသီးသီးနှင့် ကမ္ဘာကြီးလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပေသည်။

နှစ်စဉ်ကမ္ဘာပေါ်တွင် မိခင်ငါးသိန်းခန့်သည် ကိုယ်ဝန်ဆောင်ခြင်းနှင့် ကလေးမီးဖွားရာမှ ဖြစ်ပေါ်လာသော နောက်ဆက်တွဲပြဿနာများကြောင့် သေဆုံးနေရပါသည်။ မိနစ်တိုင်းတွင် ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်းကြောင့် မိခင်သေဆုံးခြင်း တစ်ဦးနှုန်းရှိပါသည်။ ကလေးမီးဖွားခြင်းဖြင့် သေဆုံးရသော ၉၉ရာခိုင်နှုန်းသည် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများမှ ဖြစ်ပေသည်။

သုတေသနတွေ့ရှိချက်များအရ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများတွင် မိခင်သေနှုန်း များပြားကြောင်းတွေ့ရှိရပြီး အထူးသဖြင့် ဆင်းရဲသောမိခင်များ၊ တောနေလူမျိုးစုများနှင့် ရှားပါးသော တိုင်းရင်းသားမျိုးနွယ်စုဝင် မိခင်များမှာ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းသည့်အတွက် သေနှုန်း ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။

မိခင်နှင့်ကလေး သေနှုန်းမြင့်မားခြင်းဖြစ်ပေါ်စေသော အကြောင်းအချက် ပြဿနာများအားလုံးသည် ကာကွယ်၍ရနိုင်သော အကြောင်းအရာများဖြစ်ပြီး ၎င်းတို့ကို ကောင်းစွာသိရှိနားလည်ခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပြီး မိခင်နှင့်ကလေး သေနှုန်းကို ကျဆင်းစေမည် ဖြစ်ပေသည်။

အဓိကမှာ မိခင်တို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝ လုပ်ဆောင်ပေးခြင်းဖြင့် ကိုယ်ဝန်ဆောင် မိခင်သေနှုန်းနှင့် မွေးကင်းစကလေးသေနှုန်းတို့ ကျဆင်းစေမည် ဖြစ်ပေသည်။ မိခင်တို့၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အဓိကအားဖြင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ အန္တရာယ်ကင်းစွာ မီးဖွားခြင်း၊ သားဆက်ခြားခြင်း၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် ကူးစက်တတ်သော ရောဂါများအကြောင်းကို ပညာပေးခြင်းတို့ ပါဝင်သည်။

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် အမျိုးသမီးတစ်ရပ်လုံးသည် နိုင်ငံတော်အတွက် အရေးပါသော အင်အားစုကြီးဖြစ်၍ အမျိုးသမီးများ ကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေနှုန်း (Maternal Mortality Rate) ကျဆင်းရေးကို အထူးဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ပြီး စီမံချက်များချမှတ်၍ အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်ဆဲ တိုင်းပြည်များတွင် မိခင်များ အဓိကသေဆုံးရသော အကြောင်းများမှာ မွေးပြီးစကာလတွင် သွေးသွန်ခြင်း (Post Partum Haemiorrhage) ၂၅ရာခိုင်နှုန်း၊ သားအိမ်နှင့် သားမွေးလမ်းကြောင်းကို ပိုးဝင်ခြင်း၊ ၁၅ရာခိုင်နှုန်း ကိုယ်ဝန်ပျက်ကျခြင်း၊ သားပျက်သားလျှောခြင်း ၁၃ရာခိုင်နှုန်းနှင့် ကိုယ်ဝန်ဆိပ်တက်ခြင်း ၁၂ရာခိုင်နှုန်းတို့ကြောင့် ဖြစ်သည်။

ယခုအခါ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများတွင် ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်မှုများပြားလာခြင်းကြောင့် အထူးသဖြင့် ၁၅-၁၉နှစ်အတွင်းရှိ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်များတွင် သေနှုန်းပိုမိုမြင့်မားနေသည်။ မြန်မာနိုင်ငံတွင် မြန်မာ့ဓလေ့ဥပဒေအရ အမျိုးသမီးအသက် ၁၆နှစ်အရွယ်တွင် မိဘများသဘောတူညီချက်ရပါက အိမ်ထောင်ပြုနိုင်ပြီး ၁၈နှစ်အရွယ်ဆိုလျှင် မိဘများသဘောတူညီချက်မလိုအပ်ဘဲ အိမ်ထောင်ပြုနိုင်သည်။ သို့ဖြစ်၍ တောနေ တိုင်းရင်းသားမျိုးနွယ်စုများတွင် ဆယ်ကျော်သက်ရွယ် အိမ်ထောင်ပြုနှုန်း ပိုမိုများပြားနေသည်။ အိမ်ထောင်ပြုပြီးသောအခါတွင်လည်း အများစုမှာ တစ်နှစ်အတွင်း ကိုယ်ဝန်ဆောင်ကြသည်။ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်များမှ များသောအားဖြင့် ပေါင်မပြည့်သောကလေးများ မွေးဖွားနှုန်း များကြောင်း တွေ့ရှိရသည့်အပြင် ကလေးအား ကောင်းစွာပြုစုစောင့်ရှောက်ခြင်း မပြုလုပ်နိုင်၍ နာမကျန်းဖြစ်ခြင်းကြောင့် မွေးကင်းစကလေးသေနှုန်း များသည်။ မိခင်ကိုယ်တိုင်မှာလည်း ကိုယ်ဝန်ဆောင်စဉ် စောင့်ရှောက်မှု၊ စိတ်ချရသော မွေးဖွားမှုနှင့် သားဆက်ခြားခြင်းတို့ကို ကောင်းစွာ သိရှိနားလည်ခြင်းမရှိသည့်အတွက် အသက်အန္တရာယ်ရှိသော မိခင်နှင့် ကလေးဘဝသို့ ရောက်ရှိသွားကြသည်။ အသက် ၁၈နှစ်မပြည့်သော မိန်းကလေးများသည် ခန္ဓာကိုယ်ဖွံ့ဖြိုးမှု မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပညာဗဟုသုတနှင့် စိတ်ဓာတ်ရေးရာအရ ကလေးယူရန် အဆင်သင့်မဖြစ်သေးပါ။ ၁၉၈၅ ခုနှစ်တွင် သုတေသနတွေ့ရှိချက်အရ အမျိုးသမီးများ လက်ထပ်ပြီးစနှစ်များအတွင်း ကလေးမလိုချင်သောကြောင့် ကိုယ်ဝန်ဖျက်ချမှုမှာ ၂၂ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်ခြင်း လျော့ကျသွားစေရန် အမျိုးသမီးငယ်များအား ၎င်းတို့၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာများကို သိရှိနားလည်၍ မှန်ကန်စွာ ကျင့်သုံးတတ်ရန် လိုပေသည်။ အရွယ်ရောက်လာသော လူငယ်များအားလုံး အိမ်ထောင်မပြုခင် သိရှိသင့်သောအချက်များ၊ အိမ်ထောင်ပြုပြီးနောက် သားဆက်ခြားခြင်း၊ မိခင်လောင်းနှင့် သားသမီးများ ကျန်းမာအောင် နေထိုင်စောင့်ရှောက်ခြင်းများကို ကြိုတင်သိထားရန် လိုအပ်ပေသည်။ မျိုးပွားအင်္ဂါများနှင့်ပတ်သက်သော ကျန်းမာရေးပြဿနာ၊ ရောဂါများအကြောင်းနှင့် ကာကွယ်နည်းများကို သိရှိနားလည်ရန် လိုအပ်ပါသည်။ သို့မှသာ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်ပေသည်။ မိခင်အသက် ၃၅နှစ်ကျော်ခဲ့လျှင်လည်း ကလေးမွေးရန် ခက်ခဲတတ်သည်။

မိခင်အရပ် ၄ပေ ၁၀လက်မနှင့်အောက်၊ ကိုယ်အလေးချိန် ၈၄ပေါင်အောက်နှင့် ၁၅၄ပေါင်အထက် မိခင်များသည် ကျန်းမာရေးအန္တရာယ်ရှိနိုင်သည့်အတွက် ဆေးရုံတွင် မွေးဖွားရန် လိုအပ်သည်။ ကိုယ်ဝန်ဆောင်မိခင်များ၏ အဓိကပြဿနာမှာ သွေးအားနည်းရောဂါရှိခြင်းပင် ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများတွင် ကိုယ်ဝန်မဆောင်မီကတည်းကပင် အမျိုးသမီးငယ်များ သွေးအားနည်းရောဂါရှိကြသည်က များပေသည်။ သို့ဖြစ်၍ ကိုယ်ဝန်ဆောင်စဉ်ကာလတွင် မောပန်းခြင်း၊ အားနည်းခြင်း၊ ရင်တုန်ခြင်း၊ ဖြူဖျော့ခြင်းတို့ကို တွေ့ရှိခံစားရမည်ဖြစ်သည်။ ကိုယ်ဝန်ဆောင်ချိန်တွင် ကိုယ်ခန္ဓာအတွင်းသွေးများ၏ ထုထည်ပမာဏများစွာ ပိုလာသောကြောင့် သွေးနီဥကလာပ်စည်းများ ပိုမိုဖြစ်ပေါ်လာစေရန် ဟီမိုဂလိုဘင်ထုတ်လုပ်၍ သံဓာတ်ပိုမိုလိုအပ်လာ၏။ သွေးထဲတွင် ဟီမိုဂလိုဘင်များမှသာ အချင်းနှင့် ခန္ဓာကိုယ်အသီးသီးသို့ အောက်ဆီဂျင် ပိုမိုထောက်ပံ့နိုင်မည်ဖြစ်ပေသည်။ မိခင်၏ သိုလှောင်ထားသော သံဓာတ်များကို သန္ဓေသားမှ ၎င်း၏ သိုလှောင်သံဓာတ်အင်အားအဖြစ် ယူသွားမည်ဖြစ်သည်။ မီးဖွားပြီးသောအခါ မိခင်၏နို့တွင် သံဓာတ်ပါဝင်မှု အလွန်နည်းသောကြောင့် ဖြစ်သည်။

ထို့ပြင် မီးဖွားသောအခါ၌လည်း သွေးဆုံးရှုံးမှုရှိမည်ဖြစ်၍ ကိုယ်ဝန်ဆောင်စဉ် သွေးအားပြည့်ဝမှသာ မိခင်သေနှုန်း ကျဆင်းနိုင်မည်ဖြစ်သည်။ ၎င်းကိုကာကွယ်ရန် သံဓာတ် မီလီဂရမ် ၆၀နှင့် ဖောလစ်အက်စစ် ဝဒသမ ၅မီလီဂရမ်ကို တစ်နေ့ နှစ်ကြိမ် တိုက်ကျွေးရမည်။ သံဓာတ်ပါသော အစားအစာများ (အသည်း၊ ကြက်ဥအကာ)များ စားသုံးသင့်သည်။ ငှက်ဖျားရောဂါအဖြစ်များသော ဒေသတွင် ငှက်ဖျားရောဂါ ကာကွယ်ရန်၊ ကုသရန် လိုအပ်သည်။ ကပ်ပါးကောင်၊ ချိတ်သန်ကောင် ရှိမရှိ စစ်ဆေး၍ ရှိပါက ကုသပေးရပါမည်။

အမျိုးသမီးများအချို့တွင် လေးဖက်နာ၊ နှလုံးရောဂါရှိနေကြောင်း မသိရှိသည့်အတွက် ကိုယ်ဝန်ဆောင်ပြီး မီးဖွားသောအခါတွင်မှ နှလုံး အလုပ်မလုပ်နိုင်တော့ခြင်း၊ သွေးအားနည်းသည့်ဒဏ်နှင့် မွေးပြီးသွေးဆင်းများမှုဒဏ်များ မခံနိုင်တော့ဘဲ မိခင်သေဆုံးခြင်းများ ဖြစ်ပွားရသည်။

ငှက်ဖျားရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် ကျောက်ကပ်ရောဂါတို့ ရှိပါကလည်း မီးဖွားစဉ်တွင် အန္တရာယ်ကျရောက်နိုင်၍ ဆေးရုံတွင် စောနိုင်သမျှစော၍ ကိုယ်ဝန်အပ်ရမည်ဖြစ်ပြီး ဆေးရုံတွင် မွေးဖွားရပါမည်။

ကိုယ်ဝန်ရှိလာလျှင် အရေးကြီးဆုံးမှာ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း (ဗိုက်အပ်ခြင်း)ဖြစ်ပါသည်။ ကျန်းမာရေးဝန်ထမ်း သားဖွားဆရာမထံတွင် အချိန်မှန်ပြသရပါမည်။ သားဖွားဆရာမ နေထိုင်သော ရွာနှင့်ဝေးနေပါက ကိုယ်ဝန်ဆောင်စဉ် အနည်းဆုံး လေးကြိမ် ကိုယ်ဝန်ပြသရမည်။

ကိုယ်ဝန် သုံးလခန့်တွင် ပထမအကြိမ်၊ ကိုယ်ဝန်ခြောက်လခန့်တွင် ဒုတိယအကြိမ်၊ ကိုယ်ဝန် ခုနစ်လခွဲခန့်တွင် တတိယအကြိမ်၊ ကိုယ်ဝန် ရှစ်လခွဲ-ကိုးလတွင် စတုတ္ထအကြိမ်၊ အနည်းဆုံး လေးကြိမ် ကိုယ်ဝန်ပြရပါမည်။ မိခင်သွေးဆင်းလျှင်၊ အဖြူဆင်းလျှင်၊ ခြေလက်မျက်နှာ ဖောရောင်လျှင်၊ ဆီးနောက်လျှင်၊ တက်လျှင်၊ အလွန်အမင်းအော့အန်လျှင်၊ နေ့စဉ် ကလေးတိုးနေရာက မတိုးဘဲရပ်သွားလျှင်၊ သွေးအားနည်းလျှင်၊ မူးဝေမောပန်းလျှင်၊ အသားဝါလျှင်၊ ထိခိုက်ဒဏ်ရာရလျှင်၊ ခြေသလုံးမှ သွေးကြောများ ဖောင်းကြွလျှင်၊ ဆေးရုံ၊ ဆေးခန်း သွားပြရပါမည်။ မြန်မာနိုင်ငံတွင် ၃၂ရာခိုင်နှုန်းသော ကိုယ်ဝန်ဆောင်မိခင်များသည် မည်သူ့အကူအညီမျှမပါဘဲ ကလေးမွေးဖွားကြသည်။ မီးဖွားစဉ်မှာ သတိပြုရမည့် အန္တရာယ်လက္ခဏာများကို သိရှိနားလည်ရန် လိုအပ်ပါသည်။ ဗိုက်စနာပြီး ၁၂နာရီကျော်သည်အထိ မမွေးသေးခဲ့လျှင်၊ ကလေးမတိုးလျှင်၊ မိခင်ညှစ်သော်လည်း တစ်နာရီအတွင်း ကလေးမထွက်သေးလျှင်၊ မိခင်မောပန်းပြီး ညှစ်အားမရှိလျှင်၊ မိခင်နေမကောင်းလျှင် (ဖျားနာ၊ ဖြူဖျော့၊ အသားဝါ၊ ခေါင်းကိုက်၊ တက်ခြင်း၊ သွေးလန့်၊ သတိလစ်ခြင်း) စသည်တို့ဖြစ်လျှင် ကလေးမွေးပြီး တစ်နာရီအတွင်း အချင်းမကျခဲ့လျှင်၊ သွေးဆင်းများလျှင်၊ သွေးဆင်းမရပ်လျှင်၊ ပုပ်နံသည့်အရည်များဆင်းလျှင်၊ မွေးလာသည့်ကလေး အသက်ရှူမမှန်လျှင်၊ ပေါင်မပြည့်လမစေ့လျှင် အမြန်ဆုံး ဆေးရုံသို့ သွားနိုင်ရန် ကြိုတင်ပြင်ဆင်ထားရပါမည်။

ကိုယ်ဝန်ဆောင်စဉ်နှင့်မီးဖွားစဉ် သတိပြုရမည့်အချက်များကို သိရှိပြီးပါက သားဆက် ခြားခြင်းကိုလည်း သိရှိရန်လိုအပ်ပါသည်။ စိတ်ချရသည့် သားဆက်ခြားနည်းလေးနည်း ရှိပါသည်။ နေ့စဉ်သောက်သုံးသော သန္ဓေတားစားဆေးကတ်၊ သုံးလ ၁၂ပတ်ခံ သန္ဓေတား ထိုးဆေး၊ သားအိမ်တွင်းထည့် သန္ဓေတားပစ္စည်းနှင့် ကွန်ဒုံး(သားရေစွပ်) စသည်တို့ဖြစ်သည်။ သားဆက်ခြားခြင်းဖြင့်ရရှိသော အကျိုးကျေးဇူးများမှာ-မိခင်များသည် ကိုယ်ဝန်တစ်ခုနှင့်တစ်ခုကြား သင့်လျော်စွာအချိန်ခြားနိုင်သည့်အတွက် ရေရှည်ကျန်းမာရေး ကောင်းမွန်ပါသည်။ ကိုယ်ဝန်ဆောင်ချိန်၊ မွေးဖွားချိန်တို့တွင် ဖြစ်တတ်သည့် အန္တရာယ်များ နည်းပါးမည်။ မလိုလားအပ်သည့် ကိုယ်ဝန်ရရှိမလာသည့်အတွက် သားပျက်သားလျှောခြင်း လျော့နည်းပြီး မိခင်သေဆုံးနှုန်း ကျဆင်းပါမည်။ မိခင် ကျန်းမာရေးကောင်းမှ ကျန်းမာဖွံ့ဖြိုးပြီး ဉာဏ်ထက်မြက်သည့်သားသမီးများ မွေးဖွားနိုင်မည်။ မွေးစနှင့်ငါးနှစ်အောက် ကလေးသေနှုန်း နည်းပါးပါမည်။ ကလေးတစ်ယောက်နှင့် တစ်ယောက် မနီးကပ်သည့်အတွက် ကောင်းစွာနို့ချိုတိုက်ကျွေးနိုင်ပြီး ကျန်းမာအောင် အချိန်ပေးဂရုစိုက်နိုင်ပါမည်။ တိုင်းပြည်အတွက်လည်း ကျန်းမာရေးအသုံးစရိတ် လျော့နည်းပြီး ကုန်ထုတ်စွမ်းအား တိုးတက်ကာ အနာဂတ်အတွက် ကျန်းမာဖွံ့ဖြိုးသည့် သားကောင်း၊ သမီးကောင်းရတနာတွေ မွေးထုတ်ပေးနိုင်ပေမည်။

အထက်ဖော်ပြပါ မိခင်နှင့်ကလေးပတ်သက်သော ကျန်းမာရေးပြဿနာများသည် ကာကွယ်၍ရနိုင်ပြီး မိခင်နှင့် ကလေးသေဆုံးခြင်းကို လျော့နည်းစေနိုင်ပါသည်။ သို့ရာတွင် နိုင်ငံအတော်များများတွင် မိခင်သေနှုန်းမှာ မြင့်မားလျက်ပင် ရှိနေသေးသည်။ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်း၊ ဆင်းရဲခြင်း၊ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ သိရှိနားလည်မှု မရှိခြင်း၊ ကျန်းမာရေးစနစ်အားနည်းခြင်းနှင့် ရှေးရိုးရာဓလေ့ထုံးစံများ၏ အဟန့်အတားများသည် အဓိကကျသော အချက်များဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် ၎င်းတို့ကို ပြုပြင်ဖြည့်ဆည်းပေးခြင်းဖြင့် မိခင်နှင့် ကလေးသေနှုန်းကျဆင်းပြီး ပျော်ရွှင်ကျန်းမာသောဘဝကို ရရှိနိုင်မည်ဖြစ်ပေသည်။ ။

မိခင်နှင့် ကလေးသေနှုန်း ကျဆင်းစေရန် ကာကွယ်ရမည့်အချက်များ

	အခြေအနေ၊ ရောဂါ	ဖြစ်နိုင်သောအန္တရာယ်	ဆောင်ရွက်ရန်
၁။	အသက် ၁၈နှစ်အောက်	လမစေ့မွေးခြင်း၊ ကိုယ်ဝန်ဆိပ်တက်ခြင်း၊ သွေးအားနည်းခြင်း၊ မွေးရခက်ခြင်း။	ဆေးရုံတွင် ကိုယ်ဝန်အပ်၍ မွေးဖွားရန်။
၂။	အသက် ၃၅နှစ်နှင့်အထက်	ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါပိုမိုဆိုးရွားလာနိုင်ခြင်း။	ဆေးရုံတွင် ကိုယ်ဝန်အပ်၍ မွေးဖွားရန်။
၃။	အရပ် ၄ပေ ၁၀လက်မနှင့်အောက်	ညှပ်ရိုးကျဉ်း၍ မွေးရာတွင်ခက်ခဲနိုင်ခြင်း၊ ညှပ်ဆွဲ၊ လေစုပ်၊ ခွဲမွေးရတတ်ခြင်း။	ဆေးရုံတွင် ကိုယ်ဝန်အပ်၍ မွေးဖွားရန်။
၄။	ကိုယ်အလေးချိန် ၈၄ပေါင်အောက်၊ ကီလိုဂရမ် ၄၀	လမစေ့မွေးခြင်း၊ ပေါင်ချိန်မပြည့်ခြင်း။	ဆေးရုံတွင် ကိုယ်ဝန်အပ်၍ မွေးဖွားရန်။
၅။	၁၅၄ပေါင် အထက်၊ ကီလိုဂရမ် ၇၀	ကလေးအနေအထားစမ်းသပ်ရန် ခက်ခဲခြင်း၊ ကလေး ကိုယ်အလေးချိန် မှန်းဆရခက်ခဲခြင်း၊ ဆီးချို၊ သွေးတိုးရောဂါ ဖြစ်တတ်ခြင်း။	ဆေးရုံတွင် ကိုယ်ဝန်အပ်၍ မွေးဖွားရန်။
၆။	သွေးအားနည်းရောဂါ	Heart Failure ဖြစ်နိုင်ခြင်း၊ မွေးပြီး သာမန် သွေးဆင်းမှုဒဏ် မခံနိုင်ခြင်း၊ မီးတွင်းပိုးဝင်လွယ်ခြင်း။	ဆေးရုံတွင် စောနိုင်သမျှ ကိုယ်ဝန်အပ်ရန်၊ သမားတော်နှင့် ပူးတွဲကြည့်ရှုစောင့်ရှောက်ရန် လိုအပ်သည်။
၇။	ငှက်ဖျားရောဂါ	ယခုကိုယ်ဝန်တွင် ငှက်ဖျားပြန်လည်ဖြစ်နိုင်ခြင်း၊ သွေးအားနည်းရောဂါ ဖြစ်နိုင်ခြင်း။	ငှက်ဖျားရောဂါ ရှိ/မရှိ၊ မေးမြန်းရန်၊ ငှက်ဖျားရောဂါ ရှိသည်ကို သံသယရှိပါက ဆေးရုံသို့ လွှဲပေးရန်။
၈။	သွေးတိုးရောဂါ	ကိုယ်ဝန်ဆောင်စဉ် ကိုယ်ဝန်ဆိပ်တက် ထပ်ဆင့်ဖြစ်နိုင်ခြင်း၊ သွေးတိုးကြောင့် ကျောက်ကပ်၊ နှလုံး၊ အသည်းတို့ ထိခိုက်နိုင်ခြင်း၊ ကိုယ်ဝန်ဆောင်စဉ် အချင်းကွာတတ်ခြင်း၊ ကလေးကြီးထွားမှုနှုန်း နှေးခြင်း၊ မိခင်သားအိမ်တွင်း၌ ကလေးသေဆုံးခြင်း။	ဆေးရုံတွင် စောနိုင်သမျှ ကိုယ်ဝန်အပ်ရန်၊ ဆေးရုံတွင် မွေးဖွားရန် စီစဉ်ပေးပါ။ သမားတော်နှင့် ပူးတွဲကြည့်ရှုစောင့်ရှောက်ရန် လိုအပ်သည်။
၉။	ဆီးချိုရောဂါ	ကိုယ်ဝန်ဆိပ်တက်နိုင်ခြင်း၊ ရေမွှာရည်များနိုင်ခြင်း၊ ကလေးကြီး၍ မွေးရခက်ခြင်း၊ ပခုံးတစ်နိုင်ခြင်း၊ မိခင်၏ဝမ်းတွင်း၌ ကလေးသေဆုံးနိုင်ခြင်း၊ မွေးကင်းစ ကလေးများ သေဆုံးတတ်နိုင်ခြင်း။	ဆေးရုံတွင် စောနိုင်သမျှ ကိုယ်ဝန်အပ်ရန်၊ ဆေးရုံတွင် မွေးဖွားရန် စီစဉ်ပေးပါ။ သမားတော်နှင့် ပူးတွဲကြည့်ရှုစောင့်ရှောက်ရန် လိုအပ်သည်။
၁၀။	နှလုံးရောဂါ	အဆုတ်အအေးမိသည့်ဒဏ် မခံနိုင်ခြင်း၊ Heart Failure ဖြစ်နိုင်ခြင်း၊ သွေးအားနည်းသည့်ဒဏ် မခံနိုင်ခြင်း၊ မွေးပြီး သွေးဆင်းများမှုဒဏ် မခံနိုင်ခြင်း၊ မိခင် သေဆုံးခြင်း။	ဆေးရုံတွင် စောနိုင်သမျှ ကိုယ်ဝန်အပ်ရန်၊ ဆေးရုံတွင် မွေးဖွားရန် စီစဉ်ပေးပါ။ သမားတော်နှင့် ပူးတွဲကြည့်ရှု စောင့်ရှောက်ရန် လိုအပ်သည်။
၁၁။	ကျောက်ကပ်ရောဂါ	သွေးတိုးရောဂါဖြစ်နိုင်ခြင်း၊ ကိုယ်ဝန်ဆိပ်တက်နိုင်ခြင်း၊ ကလေးကြီးထွားမှုနှုန်း နှေးခြင်း၊ လမစေ့မွေးခြင်း။	ဆေးရုံတွင် စောနိုင်သမျှ ကိုယ်ဝန်အပ်ရန်၊ သမားတော်နှင့် ပူးတွဲကြည့်ရှုစောင့်ရှောက်ရန် လိုအပ်သည်။
၁၂။	သွေးသွန်ခြင်း	မမွေးမီ၊ မွေးစဉ်၊ မွေးပြီး သွေးသွန်နိုင်ခြင်း၊ ခွဲစိတ်၍ မွေးဖွားရန် လိုအပ်ခြင်း။ မိခင် သွေးလန့်ခြင်း။ မိခင်ရော ကလေးပါ သေဆုံးနိုင်ခြင်း။	ဆေးရုံသို့ ချက်ချင်းအတူလိုက်ပါ လွှဲပြောင်းပို့ရန်။ သွေးအမျိုးအစားတူ သွေးအလှူရှင် အနည်းဆုံး နှစ်ဦး စည်းရုံးခေါ်သွားရန်။ အကြောဆေး သွင်းထားရန်။ သမားတော်နှင့် ပူးတွဲကြည့်ရှုစောင့်ရှောက်ရန် လိုအပ်သည်။
၁၃။	မီးတွင်းပိုးဝင်ခြင်း	သားအိမ်အတွင်း အချင်းအစအနများ ကျန်ရှိ၍ ပိုးဝင်ပြီး ဖျားနိုင်ခြင်း။ အချင်းတည်ရာတွင် ပိုးဝင်၍ဖျားနိုင်ခြင်း။ မွေးလမ်းကြောင်းတွင် ပိုးဝင်၍ ဖျားနိုင်ခြင်း။ နို့တင်း၍ ဖျားနိုင်ခြင်း။ ဆီးအိမ်ပိုးဝင်၍ ဖျားနိုင်ခြင်း။ ကလေး နို့တိုက်ရန် အခက်အခဲရှိနိုင်ခြင်း။ မိခင်သေဆုံးနိုင်ခြင်း။	ဆေးရုံသို့ အမြန်ပို့ပေးရန်။ ကလေးပါ တစ်ပါတည်း ဆေးရုံသို့ ပို့ပါ။ (နို့ဆက်တိုက်ရန် လိုအပ်ပါသည်။) Ampicillin 250mg QID တိုက်ရန်။ Metronidazole 200mg tds တိုက်ရန်။
၁၄။	သားပျက်သားလျှောခြင်း	ရာသီထိန်ပြီး သွေးဆင်းခြင်း။ ဗိုက်အောင့်ခြင်း၊ ဖျားခြင်း။ အနံ့ဆိုးသောအရည်များ မိန်းမကိုယ်အင်္ဂါမှ ဆင်းခြင်း။ ကိုယ်ဝန်ဖျက်ချထားသော ရာဇဝင်ပေးခြင်း။	Amoxycillin 500mg tds နှင့် Metronidazole 200mg tds ပထမအကြိမ်ပေးပြီး ဆေးရုံသို့ အမြန်ဆုံး ညွှန်းပို့ရန်။
၁၅။	ကိုယ်ဝန်ဆိပ်တက်ခြင်း	ယခုကိုယ်ဝန်တွင် ပြန်ဖြစ်တတ်ခြင်း။	ဆေးရုံတွင် စောနိုင်သမျှ ကိုယ်ဝန်အပ်ရန်။ ဆေးရုံတွင် မွေးဖွားရန် စီစဉ်ပေးပါ။ သမားတော်နှင့် ပူးတွဲကြည့်ရှု စောင့်ရှောက်ရန် လိုအပ်သည်။ ရှေ့ပြေးလက္ခဏာများကို ကြိုတင်သိရှိထားခြင်းဖြင့် ဆေးရုံသို့ အချိန်မီ ညွှန်းပို့ကုသနိုင်ရန်။

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် (၁၂)ကြိမ်မြောက် ဘက်စုံပညာဆုနှင်းသဘင် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် (၁၂)ကြိမ်မြောက် ဘက်စုံပညာဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါကျောင်းရှိ ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တာဝန်ခံပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးက ကျောင်း၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြ၍ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်သည်။

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် (၁၂)ကြိမ်မြောက် ဘက်စုံပညာဆုနှင်းသဘင်အခမ်းအနားတွင် ဘရဏီ တေးသရုပ်ဖော် အကဖြင့် ပါဝင်ကပြသော ကျောင်းသူလေးများအား ကျောင်းသားမိဘများက ချီးမြှင့်သည့် ဆုငွေကျပ် တစ်သိန်းကို ကျောင်းသားမိဘများကိုယ်စား မိဘတစ်ဦးက ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဖျော်ဖြေတင်ဆက်

ယင်းနောက် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အဆင့်(၁) မှ(၁၀)အတွင်း ဆုရရှိကြသူများ၊ ၂၀၀၈ ခုနှစ် ကျောင်းတက်ရက်မှန်ဆုရရှိကြသော ဆရာ ဆရာမများ၊ မလေးရှားနိုင်ငံ၌ ဖွင့်လှစ်သော ASEAN Cyberkits Camp Programme သို့ တက်ရောက်ရန် ရွေးချယ်ခံရသူ၊ ဗဟိုအဆင့် သချ်ာအိုလံပစ်ပြိုင်ပွဲ၊ ဗဟိုအဆင့် သချ်ာစွမ်းရည်ပြိုင်ပွဲ၊ ဗဟိုအဆင့် တိုင်းဘက်စုံ(အဋ္ဌမတန်း)နှင့် ဗဟိုအဆင့် အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲတို့၌ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြို့နယ်အဆင့် ဘက်စုံပညာထူးချွန်ဆုနှင့် ကျောင်းတွင်း ဘက်စုံပညာ ထူးချွန်ဆုရရှိကြသော ကျောင်းသားကျောင်းသူများနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ရန် ကူညီပေးသော မိဘများအား တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အခမ်းအနားကို ပြန်လည်ကျင်းပရာ မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သချ်ာစွမ်းရည်ပြိုင်ပွဲ၊ ကျောင်းအဆင့် အင်္ဂလိပ်စာ၊ သချ်ာစွမ်းရည်ပြိုင်ပွဲနှင့် သချ်ာအိုလံပစ်ပြိုင်ပွဲ(ကျောင်းအဆင့်) တို့၌ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများ၊ တိုင်းအဆင့် ဘက်စုံပညာထူးချွန်ဆု၊ မြို့နယ်အဆင့် ဘက်စုံပညာ ထူးချွန်ဆုနှင့် ကျောင်းအဆင့် ဘက်စုံပညာ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ ကျောင်းတက် ရက်မှန်ဆုရ ကျောင်းသား ကျောင်းသူများ၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပါရမီရှင် ဒေါ်မြနွယ် ပညာသင်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများ၊ ၁၉၉၄ ခုနှစ် ဒသမတန်းအောင် ကျောင်းသားဟောင်း ဗိုလ်သန့်စင်မောင်၊ ပညာသင်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၌ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများနှင့် စာစီစာကုံး၊ ပန်းချီနှင့် အားကစားဖွံ့ဖြိုးရေး ပြိုင်ပွဲတို့၌ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများကိုပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အထက (၂)သဃ်န်းကျွန်း ပညာရေးစုံညီပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

သဃ်န်းကျွန်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၇ရက် နံနက်က အဆိုပါကျောင်းရှိ အားကစားကွင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဒေါ်ခင်ဥမ္မာရှိန်တို့က ဖဲကြိုးဖြတ်၍ ပညာရေးစုံညီပွဲတော်ကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက စုံညီပွဲတော်တို့နွဲပျော်သီချင်းဖြင့် သီဆိုဖျော်ဖြေခြင်း၊ အေရိုးဗစ်နှင့် ကာယအလှသရုပ်ပြသခြင်း၊ ကဗျာလွတ်အကတို့ဖြင့် ကပြကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များတို့က ထူးချွန်ကျောင်းသား ကျောင်းသူများတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။ ပညာရေးစုံညီပွဲတော်တွင် သင်ကြားမှု သင်ယူမှုအထောက်အကူပြု ပြခန်းတို့ကို ပြသထားရာ တက်ရောက်လာကြသည့် မိဘများ၊ ကျောင်းသား ကျောင်းသူတို့က စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။ *(သတင်းစဉ်)*

အောက်ပိုင်းဒေသများ၌ ညအပူချိန်တိုးလာ

နေပြည်တော် ဇန်နဝါရီ ၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မွန်ပြည်နယ်၊ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းတွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဓာင်းတူမြို့နှင့် ကိုကိုးကျွန်းတို့တွင် ၀ဒသမ ၅၉ လက်မစီ၊ ရွှေကျင်မြို့တွင် ၀ ဒသမ ၄၇ လက်မ၊ မြိတ်မြို့တွင် ၀ ဒသမ ၃၅ လက်မ၊ မော်ဘီမြို့တွင် ၀ ဒသမ ၃၂ လက်မနှင့် ကော့သောင်းမြို့တွင် ၀ ဒသမ ၂၇ လက်မတို့ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ယနေ့ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များတိုးလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

■ *ကျောဖုံးမှ*

ပြသထား

အဆိုပါ ပြပွဲတွင် ယာဉ်ထိန်းတပ်ဖွဲ့ ပြခန်း၌ ယာဉ်မတော်တဆမှုပြကွက်များ၊ ပညာပေးပြကွက်များ ပြသထားသည်။ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ပြခန်း၌ မော်တော်ယာဉ်များ လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်းပြကွက်၊ မော်တော်ယာဉ်ပိုင်ရှင်များ သတိပြုလိုက်နာဆောင်ရွက်သင့်သော ပြကွက်များ ပြသထားသည်။ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ပြခန်းတွင် နေပြည်တော် ဖွံ့ဖြိုးတိုးတက်လာမှုပြကွက်နှင့် လမ်းများ၊ အဝိုင်းကြီးများ ပြကွက်များကို ပြသထားသည်။

အီလက်ထရွန်နစ် အရောင်းဆိုင်တစ်ဆိုင်၌ ပြပွဲလာရောက်ကြည့်ရှုသူများနှင့် ခင်းကျင်းရောင်းချမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

အခြားသော ပြခန်းများမှာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြခန်း၊ ကျန်းမာရေးဌာန ပြခန်း၊ ပညာရေးဌာန ပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြခန်း၊ စက်မှုဇုန် အသီးသီးမှ မော်တော်ယာဉ်များ ထုတ်လုပ်ရောင်းချမှု ပြခန်းများ၊ လျှပ်စစ် ပစ္စည်းများနှင့် ဆက်သွယ်ရေး ပစ္စည်းများ၊ လယ်ယာသုံး စက်ကိရိယာ ပစ္စည်း ပြခန်းများ ပါဝင်သည်။

ရောင်းချပေး

ယင်းပြပွဲတွင် Nibban Electric & Electronics မှ ရေခဲသေတ္တာ၊ ရေပူရေအေးစက်၊ Speaker၊ ထမင်းပေါင်းအိုး၊ မီးပူ၊ ပန်ကာ၊ ဗီဒီယိုဂိမ်း၊ မီးမြှင့်စက်၊ အင်ဗာတာ၊ အင်တန်နာများကို အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးနေပြီး ၂၁လက်မ တီဗွီများကို အထူးလျှော့ဈေးနှုန်း ကျပ် ၉၀၀၀၀ဖြင့် ရောင်းချပေးလျက်ရှိသည်။

ကြည့်ရှုစရာများ စုံလင်သည့် အဆိုပါ ပြပွဲပြိုင်ပွဲသို့ ပြည်သူများသာမက ကျောင်းသား ကျောင်းသူအများအပြား လာရောက်ကြည့်ရှုလျက်ရှိရာ ကြိတ်ကြိတ်တိုး အထူးစည်ကားများပြားလှသည်။ ပညာရေးဝန်ကြီးဌာန၏ ပြခန်းတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း

“ ဒီပြပွဲပြိုင်ပွဲမှာ ယာဉ်အန္တရာယ်ကင်းဝေးရေး လိုက်နာရမယ့် စည်းကမ်းတွေ၊ ဗဟုသုတတွေ အများကြီး ရရှိပါတယ်”

မမြတ်နိုးဟန်
ဆဋ္ဌမတန်း
အထက(၅) နေပြည်တော်။

နှင့်ပတ်သက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပြုလုပ်ပေးရာ တိုးမပေါက်အောင် စည်ကားလှသည်။

ပြိုင်ပွဲများပါဝင်

“ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန ပြခန်းမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်ပြီး ပြိုင်ပွဲပြုလုပ်ပေးပါတယ်။ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ နေ့စဉ်၁၀၀၀ ကျော် လာရောက်ပါတယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ရေးဖြေနဲ့ နှုတ်ဖြေပြိုင်ပွဲတွေ ပါဝင်ပါတယ်။ လာရောက်တဲ့ကျောင်းများအလိုက် ပြိုင်ပွဲတွေ ပြုလုပ်ပေးပါတယ်။ ပထမ၊ ဒုတိယ၊ တတိယရတဲ့ ကျောင်းသူ ကျောင်းသားတွေကို ဆုတွေချီးမြှင့်ပေးပါတယ်” ဟု နေပြည်တော် သပြေကုန်း မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးဦးငွေဇင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆက်လက်၍ တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲပြိုင်ပွဲသို့ လာရောက်ကြည့်ရှုကြသည့် ကျောင်းသားကျောင်းသူအချို့နှင့် တွေ့ဆုံမေးမြန်းခဲ့သေးသည်။

“သားကတော့ အထက (၅) နေပြည်တော်က ဆဋ္ဌမတန်းကျောင်းသား မောင်ဉာဏ်ဖုန်းမြင့် ဖြစ်ပါတယ်။ ဒီပြပွဲကို လာရောက်ကြည့်ရှုခွင့်ရတဲ့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေနဲ့ ပတ်သက်ပြီး ဗဟုသုတတွေ အများကြီး ရပါတယ်။ လမ်းဖြတ်ကူးတဲ့အခါ လူကူးမျဉ်းကျားက ကူးရပါမယ်။ လမ်းလျှောက်ရင်လည်း ပလက်ဖောင်းပေါ်က လျှောက်ရပါမယ်” ဟု ပြောကြားသည်။

ဗဟုသုတ

“သမီးနာမည်က မမြတ်နိုးဟန်ပါ။ အထက (၅) နေပြည်တော်မှာ ဆဋ္ဌမတန်း ပညာသင်ကြားနေပါတယ်။ ဒီယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ပြပွဲပြိုင်ပွဲမှာ ယာဉ်အန္တရာယ် ကင်းဝေးရေး လိုက်နာရမယ့် စည်းကမ်းတွေ၊ ဗဟုသုတ တွေအများကြီးရပါတယ်။ ပြပွဲပြိုင်ပွဲတွေပါတော့ ပျော်စရာလည်းကောင်းပါတယ်” ဟု ပြောကြားသည်။

“သားကတော့ နေပြည်တော် ကျောက်ချက် မူလတန်းလွန်ကျောင်းမှာ ပညာသင်ကြားနေတဲ့ တတိယတန်းမှ ကျောင်းသား မောင်စန်းလင်းအောင် ဖြစ်ပါတယ်။ ဒီပြပွဲမှာ ယာဉ်စည်းကမ်းကို မလိုက်နာတဲ့အတွက် ယာဉ်မတော်တဆ ဖြစ်ရတဲ့ သတင်းဓာတ်ပုံတွေ တွေ့ရပါတယ်။ ကလေးတွဟာ ကားလမ်းပေါ်မှာ ဆော့မကစားသင့်ပါဘူး။ အန္တရာယ်များပါတယ်” ဟု ဆက်လက်ပြောကြားသည်။

ဝမ်းနည်းစရာကောင်း

“သမီးကတော့ နေပြည်တော် သစ်တပ်မူလတန်းလွန်ကျောင်းမှာ စတုတ္ထတန်း ပညာသင်ကြားနေတဲ့ မအိစန္ဒီကျော်ဖြစ်ပါတယ်။ ဒီပြပွဲ ပြိုင်ပွဲကို

ပညာရေးဝန်ကြီးဌာန ပြခန်း၌ ကျောင်းသား ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်း ဉာဏ်စမ်းပဟေဠိ ဖြေဆိုနေမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

“လမ်းဖြတ်ကူးတဲ့အခါ လူကူးမျဉ်းကျားက ကူးရပါမယ်”

မောင်ဉာဏ်ဖုန်းမြင့် (ယာအစွန်)
ဆဋ္ဌမတန်း
အထက (၅)နေပြည်တော်။

လာရောက်ကြည့်ရှုရတဲ့အတွက် ဗဟုသုတတွေ အများကြီးရပါတယ်။ ဆိုင်ကယ်စီးတဲ့ သူတွေအနေနဲ့ ဆိုင်ကယ်ဦးထုပ်မဆောင်းလို့ ယာဉ်မတော်တဆဖြစ်တဲ့အခါ ထိခိုက်၊ သေကျေတာတွေ တွေ့ရတော့ ဝမ်းနည်းစရာကောင်းပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ လိုက်နာတာကောင်းပါတယ်” ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးပြပွဲ ပြိုင်ပွဲသည် ဖျော်ဖြေရေး အစီအစဉ်များနှင့် ဈေးရောင်းပွဲများလည်း ထည့်သွင်းထားသဖြင့် အထူးစည်ကား များပြားလှသည်။ သို့ဖြစ်၍ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများအတွက် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲပြိုင်ပွဲသည် ယာဉ်စည်းကမ်းအပြင် လမ်းစည်းကမ်းများသိရှိပြီး သတိမူရုံသာမက ဗဟုသုတများလည်း တိုးပွားရရှိမည် ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၈

အဝေးသင်ဥပဒေကျောင်းသားများ အာစရိယပူဇော်မည်

ရန်ကုန်အဝေးသင်တက္ကသိုလ်တွင် ၁၉၉၃-၁၉၉၄ခုနှစ်မှ ၂၀၀၁-၂၀၀၂ခုနှစ်အထိ ဥပဒေပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီ၌ ရွှေတိဂုံစေတီတောင်ဘက်မုခ်အနီး စည်ပင်သာယာရေးကော်မတီမွှောရုံ၌ ကျင်းပမည်ဖြစ်သည်။

အုတ်ဖိုအသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်း သန္တိသုခမွှောရုံ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၆၅၀၁၉၇နှင့် ၂၁၄၅၉၀တို့သို့ ဆက်သွယ်နိုင်သည်။

အထက(၄)ကမာရွတ် ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်မည်

အထက(၄) ကမာရွတ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်း၌ ဇန်နဝါရီ ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများတက်ရောက်ကြရန် နှိုးဆော်ထားသည်။

(၅၆)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံ ကျင်းပမည်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ (၅၆)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကို ဇန်နဝါရီ ၂၀ရက်မှ ၂၆ရက်အထိ ရန်ကုန်မြို့ အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

ပင်လယ်ကူးသင်္ဘောသားများအသင်း စုံညီစည်းဝေးမည်

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း၏ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ပတ်ရှိုင်ရယ်ဟိုတယ်၌ ဇန်နဝါရီ ၁၆ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး တက်ရောက်လိုသူ အသင်းသားများ အသင်းရုံးသို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုမိသားစု အာစရိယပူဇော်ပွဲ

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒ ကျောင်းသားဟောင်းများ၊ ၁၉၆၇ခုနှစ် မှ ၁၉၇၃ခုနှစ်အထိ ဓာတုဗေဒဌာနတွင် ပညာသင်ကြားဘွဲ့ရခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၀ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် အမှတ် ၂၂၁/၂၂၃ ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီ စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

စာပေဗိမာန်စာအုပ်အသင်းဝင်များထံ စာအုပ်ဖြန့်ချိ

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာအုပ်အသင်းက စာအုပ်အသင်းဝင်များထံသို့ ၂၀၀၇ခုနှစ် စာပေဗိမာန်စာမူဆု(လူငယ်စာပေ)ပထမဆုရ မောင်ကြည်သန့်၏ အောင်မြေစွန်းရှန်းသစ်စ အလှနေခြည်စာအုပ်ကို ဖြန့်ချိလျက်ရှိရာ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ဟန်ဂေါက်မာစတာတို့ ပူးပေါင်းစီစဉ်သော မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ ၉မိုင်ရှိ မြန်မာဂေါက်ကွင်း၌ ဇန်နဝါရီ ၁၄ရက်မှ ၁၅ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဖုန်း-၀၉-၅၁၇၇၉၅၆နှင့် ၆၅၅၈၄၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ကာတွန်းပြပွဲ -၂၀၁၀ ခင်းကျင်းပြသလျက်ရှိ

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ပုံနှိပ်ဖော်ပြပြီးသော ကာတွန်းများကို စုစည်းပြသထားသည့် ကာတွန်းပြပွဲ(၂၀၁၀)ကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း(အထက်)ရှိ စာပေလောက(၇)တွင် နံနက် ၉နာရီမှ ညနေ ၆နာရီအထိပြသလျက်ရှိရာ ကာတွန်းဆရာကြီး ဦးဘဂျမ်းမှစ၍ ယနေ့ခေတ် စာနယ်ဇင်းကာတွန်းဆရာများ၏ လက်ရာများပါဝင်ပြီး ဇန်နဝါရီ ၁၀ရက်အထိ ခင်းကျင်းပြသထားသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲ

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ ယုဇနဂရု(ပ်)၏ ပံ့ပိုးကူညီမှုဖြင့် ဇန်နဝါရီ ၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ရာသီဥတု ပြောင်းလဲခြင်းနှင့် လူသားတိုင်း၏ တာဝန်ခေါင်းစဉ်ဖြင့်ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

ကျေးရွာ တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

PCM (Scaffolding) 5' 4"

သင်တန်းသားများအတွက် နေရာစီစဉ်ပေးသည်။

သုခစုစီ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီနှင့်သင်တန်းကျောင်း

Tel: 392 233 / 377 576 / 386 877 / 385 758, Website: www.tksstkss.com

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ ပဲခူး၌ကျင်းပ

ပဲခူး ဇန်နဝါရီ ၈

ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၇) စာပေဝါသနာရှင်များ ဦးစီးကျင်းပသော စာဆိုတော်နေ့အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၅ရက် ည ၇နာရီက ရပ်ကွက်ဘောလုံးကွင်း၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဆင့်နှင့် ပဲခူးမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)တို့ တက်ရောက်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် စာပေဟောပြောပွဲတွင် ရန်ကုန်မြို့မှ နိုင်ငံကျော်စာရေးဆရာကြီးများဖြစ်ကြသည့် စာရေးဆရာ ဖေမြင့်၊ စာရေးဆရာအဏ္ဏဝါစိုးမိုးနှင့် စာရေးဆရာ ချစ်ဦးညိုတို့က စာပေယဉ်ကျေးမှုအနုပညာနှင့် ဗဟုသုတဖြစ်ဖွယ်ရာ အဖြာဖြာတို့ကို ဟောပြောကြသည်။

(ဝဇဝ)

နီလာ

မကွေးတိုင်း ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဆုများချီးမြှင့်

မကွေး ဇန်နဝါရီ ၈

၂၀၀၉-၂၀၁၀ ပညာသင်နှစ် မကွေးတိုင်းပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်၈နာရီက မကွေးမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်ဇနီး၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ဖိတ်ကြားထားသော တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မကွေးခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မကွေးမြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ(**အပေါ်ပုံ**)က အမှာစကားပြောကြားပြီး မကွေးတိုင်းပညာရေးမှူးဦးကျော်ကျော်က ကျေးဇူးတင်စကားပြောကြားကာ မကွေးတိုင်းအတွင်းရှိ မြို့နယ်များမှ ၂၀၀၉-၂၀၁၀ခုနှစ် အခြေခံပညာအဆင့် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ချောက်မြို့နယ်၌ စာပေဟောပြောပွဲကျင်းပ

ချောက် ဇန်နဝါရီ ၈

ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့၏ ဦးဆောင်စီစဉ်မှုဖြင့် စာပေဟောပြောပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂ရက် ည၈ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်၌ ကျင်းပရာ ရေးဦးစွာမြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးမင်းဦးက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် စာရေးဆရာများဖြစ်သော မြင်းမူမောင်နိုင်မိုး၊ နန္ဒာမိုးကြယ်နှင့် မောင်ငြိမ်းသူ(ကြို့ပင်ကောက်)တို့က စာပေရေးရာများ ဟောပြောကြရာ စာပေဝါသနာရှင် ၃၀၀ခန့် တက်ရောက်နားထောင်ကြသည်။

(သတင်းစဉ်)

ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏ (၂/၂၀၁၀) အစည်းအဝေးကို ဇန်နဝါရီ ၇ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ရှိ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးကျော်မြင့် (ရွှေမြင်းပျံ ရွှေသန့်စင်လုပ်ငန်း)က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အသင်းအတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံ ရွှေပန်းထိမ်ရွှေဆိုင်)က ယခင်အစည်းအဝေးမှတ်တမ်းတို့ကို တင်ပြပြီး အတည်ပြုချက်ရယူသည်။ ဆက်လက်၍ လက်ရှိရွှေဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေတို့ကို ဆွေးနွေးကြသည်။ ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းများ၊ ရွှေလုပ်ငန်းရှင်အသင်းများမှ တာဝန်ရှိသူတို့က မိမိတို့အသင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အသင်းဥက္ကဋ္ဌဦးကျော်မြင့် (ရွှေမြင်းပျံ ရွှေသန့်စင်လုပ်ငန်း)က နိဂုံးချုပ်စကား ပြောကြားသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့ဂုဏ်ပြု ပြည်ထောင်စုပန်းဥယျာဉ် ကလေးကဗျာများ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၈

လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အမျိုးသားစာပေဆုရ ကဗျာဆရာ မင်းရွှေမင်း(အင်းစိန်)၏ ပြည်ထောင်စု ပန်းဥယျာဉ် ကလေးကဗျာများ စာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**

အဆိုပါစာအုပ်တွင် ကလေးငယ်များဖတ်ရှုချင်ဖွယ်ရာ ကဗျာ ၁၀၂ပုဒ်ပါဝင်ပြီး သန်းထိုက်(မြန်မာစာ)၏ မျက်နှာဖုံး သရုပ်ဖော်၊ မင်းဦး(ဒဿန)၏ အတွင်းသရုပ်ဖော်ပုံများဖြင့် အလှဆင်ထားသည်။ ပြည်ထောင်စု တိုင်းရင်းသားတို့၏ ရိုးရာအလှ၊ မြန်မာ့မြင်ကွင်း၊ မြန်မာ့ရှုခင်းအလှ၊ မျိုးချစ်မာန်၊ ဇာတိသွေးအလှ၊ မြန်မာ့ယဉ်ကျေးမှုအလှအစရှိသည့် အလှပေါင်းစုံကို ရှုထောင့်စုံမှ ရေးဖွဲ့သီကုံးထားသည်။

ဂူဖရီးစက္ကူဖြူချောဖြင့် သပ်ရပ်လှပစွာ ထုတ်ဝေထားပြီး တစ်အုပ်လျှင် ကျပ် ၁၂၀၀ ဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၁) ၅၂၉/၅၃၁စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ရှေ့ ဖုန်း-၇၂၅၅၃၀၊ စာပေဗိမာန်စာအုပ်ဆိုင် (ကုန်သည်လမ်း)သတင်းနှင့် စာနယ်ဇင်းစာအုပ်ဆိုင် (သိမ်ဖြူလမ်း)နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။**(သတင်းစဉ်)**

အထက(၄) ရေဆင်း မြတ်ဆရာပူဇော်ပွဲ

နေပြည်တော် ဇန်နဝါရီ ၈

အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄)ရေဆင်းကျောင်း(၁၉၈၄မှ၁၉၉၀) ကျောင်းသား ကျောင်းသူဟောင်းများ ဆရာကန်တော့ပွဲနှင့် ကျောင်းသားဟောင်းများတွေ့ဆုံပွဲကို ဖေဖော်ဝါရီတွင် ကျင်းပမည်ဖြစ်ရာ သူငယ်ချင်းများအားလုံး ဆက်သွယ်ကြပါရန်နှင့် ဒေါက်တာမိုးကျော်အောင် ဖုန်း-၂၁၅၅၃၊ ဒေါ်တင်နှင်းလက်ဌေး ဖုန်း-၄၁၆၅၇၉၊ ဒေါ်မာကြည် ဖုန်း-၂၁၁၃၂၊ ၂၁၀၇၉၊ ဒေါ်ဝင်းလဲ့လဲ့သန်း ဖုန်း-၄၁၆၅၁၂၊ ဒေါ်ခိုင်ဝေညွန့် ဖုန်း - ၄၁၆၅၁၂နှင့် ဦးစိုးနိုင်ထူး ဖုန်း - ၄၁၆၅၂၁၊ ၇၅၁၇၃ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

ဒုံးပျံဖခင်သိပ္ပံပညာရှင် ဒေါက်တာရောဘတ်ဂေါ့ဒတ်

၁၈၈၂-၁၉၄၅

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ

တိုး-ရေးသားသည်

ခေတ်သစ်ဒုံးပျံပစ်လွှတ်မှု၏ဖခင်မှာ ထူးချွန်သော အမေရိကန်သိပ္ပံပညာရှင် ဒေါက်တာရောဘတ်ဟတ်ချင်ဂေါ့ဒတ်**(ယာပုံ)**ဖြစ်သည်။

အောင်မြင်

ရောဘတ်ဂေါ့ဒတ်သည် သေးသွယ်သည့် ပြွန်နှုတ်သီးတစ်ခုနှင့်အတူ သံမဏိမော်တာကိုသုံးလျက် ဒုံးပျံအင်ဂျင်စက်ကို စာတွေ့နှင့်လက်တွေ့ပါ သုတေသနပြုပြီးနောက် သူ့ခေတ်သူ့အခါက အောင်မြင်မှုအကြီးအကျယ်ရရှိသူဖြစ်သည်။

၁၉၄၀ခုနှစ်က အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ်၌ ဒေါက်တာရောဘတ်ဂေါ့ဒတ် တီထွင်ထားသည့် ဒုံးပျံလွှတ်တင်စင်။

ပထမကမ္ဘာစစ်ကြီးအတွင်းက လောင်ချာဖြင့်ပစ်ရသည့် လက်နက်များအဖြစ် သူတီထွင်သည့် ဒုံးလက်နက်အငယ်စားများကို အသုံးပြုခဲ့သည်။ ဒုံးလက်နက်များအတွက် ပိုမိုတွန်းအားကောင်းစေရန် သူသည်ယမ်းမှုန့်ကို နိုက်ထရိုဂလေ့စလင်း ၄၀ ရာခိုင်နှုန်းနှင့် နိုက်ထရိုဆယ်လူလို့စ် ၆၀ ရာခိုင်နှုန်း ရောစပ်အားဖြင့် တီထွင်လိုက်သည်။

ရှေ့ဆောင်လမ်းပြ

ရောဘတ်ဂေါ့ဒတ်၏ ဒုံးလက်နက်များမှာ ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုသည့် ဘဇူကာဒုံးလောင်ချာ၏ ရှေ့ပြေးဖြစ်လာသည်။ သူသည်ဒုံးပျံနှင့် အာကာသပျံသန်းရေး သီအိုရီ၏ ထင်ရှားသော ရှေ့ဆောင်လမ်းပြသုံးဦးတွင် တစ်ဦးဖြစ်သည်။

ပါရဂူဘွဲ့ရ

ရောဘတ်ဂေါ့ဒတ်သည် ၁၉၁၁ခုနှစ်တွင် ကလပ်တက္ကသိုလ်မှ ရူပဗေဒပါရဂူဘွဲ့ရယူပြီး ထိုတက္ကသိုလ်၏ ရူပဗေဒဌာနမှူးနှင့် လက်တွေ့ခန်းများဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်လာခဲ့သည်။

ဂုဏ်ပြုမှတ်တမ်းတင်

သူသည် ဒုံးပျံတီထွင်ရေးကို ၁၉၀၉ ခုနှစ်ကတည်းက အာရုံစိုက်ခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ကမ္ဘာ့ပထမဆုံး အရည်တွန်းကန်အားသုံးဒုံးပျံကို လွှတ်တင်နိုင်ခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းတင်ခံရသည်။ ပိုမိုကြီးမားသောဒုံးပျံများ၊ ဒုံးကျည်များ အသုံးပြုရေးတွင် နည်းပညာအများအပြားကို သူတီထွင်ပြီး မူပိုင်မှတ်ပုံတင်ခဲ့သည့် သူ၏တီထွင်မှုများကို လျှို့ဝှက်ထားသဖြင့် သူ၏ဉာဏ်ထက်မြက်မှုကို မှတ်တမ်းမဝင်နိုင်အောင်ရှိသည်။ ။

ကိုးကား-အင်တာနက်

၁၉၂၆ခုနှစ်တွင် ကမ္ဘာ့ပထမဆုံး အရည်တွန်းကန်အားသုံး ဒုံးပျံကို လွှတ်တင်နိုင်ခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းတင်ခံရ။

ပိုမိုကြီးမားသော ဒုံးပျံများ၊ ဒုံးကျည်များ အသုံးပြုရေးတွင် နည်းပညာအများအပြားကို သူတီထွင်ပြီး မူပိုင်မှတ်ပုံတင်ခဲ့သည့် သူ၏တီထွင်မှုများကို လျှို့ဝှက်ထား။

ဆယ်စုနှစ်ကာလအတွင်း အာကာသသိပ္ပံဆိုင်ရာ ထူးခြားဖြစ်စဉ်များ

ဆယ်စုနှစ်တာကာလအတွင်း ထူးထူးခြားခြားဖြစ်ပေါ်ခဲ့သည့် စီးပွားရေး၊ လူမှုရေးနှင့် အာကာသသိပ္ပံဆိုင်ရာမှတ်တမ်းကို ဖော်ပြလေ့ရှိသည်။ ၂၀၀၉ခုနှစ်ကုန်ဆုံးချိန်မှ ပြီးခဲ့သည့် ဆယ်နှစ်တာကာလအတွင်း အာကာသသိပ္ပံဆိုင်ရာ ထူးခြားဖြစ်စဉ်များကို စုစည်းဖော်ပြလိုက်ရပါသည်-

မောင်မောင်မြင့်ဆွေ စုစည်းတင်ပြသည်

စာမျက်နှာဖွဲ့စည်းမှု ဝင်းနိုင် (မြန်မာ့အလင်း)



ကမ္ဘာ့ပထမဆုံး အာကာသခရီးသည်

အမေရိကန်နိုင်ငံသား ဒင်းနစ်တီတိုးသည် ကမ္ဘာပေါ်တွင် ပထမဆုံးအာကာသခရီးသည် ဖြစ်လာခဲ့သည်။ အာကာသခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၁၅ သန်းခန့် ပေးဆောင်ခဲ့ရသည်။ **(ယာပုံ)**

(အင်တာနက်)

အကြီးဆုံး အာကာသယာဉ်စခန်း

နိုင်ငံပေါင်း ၁၆နိုင်ငံမှ အာကာသယာဉ်မှူးများနှင့် အာကာသဆိုင်ရာ လေ့လာသုတေသနပြုလုပ်ရန် ၂၀၀၁ခုနှစ် နှစ်ဆန်းက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခင်က တည်ဆောက်ခဲ့သော နိုင်ငံတကာ အာကာသယာဉ်စခန်းထက် အရွယ်အစားနှစ်ဆကျော်ကြီးမားသည်။ (အပေါ်ပုံ)

အမေရိကန်အာကာသသိပ္ပံပညာရှင် ဒေးဗစ်ဟော့ခ်ဆက် ဦးဆောင်ကာ အခြားအာကာသရေးရာ သိပ္ပံပညာရှင်များနှင့် ပူးတွဲတည်ဆောက်ခဲ့သည့် အကြီးဆုံး အာကာသယာဉ် စခန်းဖြစ်ပြီး တည်ဆောက်မှုကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၁၉သန်းကုန်ကျခဲ့သည်။ ယင်းအာကာသယာဉ်စခန်းကို နိုင်ငံပေါင်း ၁၆နိုင်ငံက ငွေကြေးစုပေါင်းအကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အာကာသခရီးသည်တင်ယာဉ် ကမ္ဘာ့ပထမဆုံးပျံသန်းမှု

လွန်ခဲ့သည့် ၁၉၆၁ခုနှစ်က ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်းသို့ ရုရှားနိုင်ငံသား ယူရီဂါဂါရင် ပထမဆုံးလိုက်ပါသွားခဲ့သည်။ ယင်းနောက် ၂၀၀၃ခုနှစ်အထိ အာကာသသို့ ခရီးသည်သွားရောက်ခဲ့ခြင်းမရှိဘဲ ၂၀၀၄ခုနှစ် ဇွန်၂၁ရက်တွင် တောင်အာဖရိကနိုင်ငံ မီကီမဲလ်ဗီးလ်ကုမ္ပဏီက ခရီးသည်၁၂ဦးကို **Space Ship one** *အာကာသခရီးသည်တင် လေယာဉ်ဖြင့် ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာပို့ဆောင်နိုင်ခဲ့သည်။ ယင်းခရီးစဉ်သည် ယခုဆယ်စုနှစ်အတွင်း အာကာသဆိုင်ရာ အထူးခြားဆုံးခရီးစဉ်တစ်ခုအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ (ဝဲပုံ)*

(အင်တာနက်)

စုပေါင်းလမ်းလျှောက်ပွဲ မိတ္ထီလာတွင်ဆင်နွှဲ

မိတ္ထီလာ ဇန်နဝါရီ ၃

၂၀၀၉ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ရက် နံနက် ၅နာရီခွဲက မိတ္ထီလာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးဝင်းမှ ခရိုင်အားကစားကွင်းအထိ မြို့နယ်အတွင်းရေးမှူး ဦးမြင့်အောင်၊ ဒုတိယရဲမှူးထွန်းဦး၊ ဒုတိယရဲမှူး ရွှေသောင်းနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အရာရှိများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုပေါင်းလမ်းလျှောက်ကြပြီး**(အပေါ်ပုံ)** ခရိုင်အားကစားကွင်းတွင် ကိုယ်ကာယလေ့ကျင့်ခန်းအတွဲ (၁)နှင့် အတွဲ(၂)ကို စုပေါင်းလေ့ကျင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

မြေစိုက်နံရံကပ်စာစောင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၌ဖွင့်

ရန်ကုန် ဇန်နဝါရီ ၈

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၆၂)ကြိမ်မြောက်လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် မြေစိုက်နံရံကပ် စာစောင်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ရက်က (၇)ရပ်ကွက် ရာဇာဓိရာဇ်လမ်းမကြီးဘေး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကို၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးကျော်နှင့် မြို့နယ်စာကြည့်တိုက်ကော်မတီအဖွဲ့ဝင် ဦးကိုကိုစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်ယဉ်ယဉ်သွယ်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စမ်းချောင်းမြို့နယ် ဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၈

၂၀၁၀ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၄ရက် ညနေ၄နာရီက စမ်းချောင်းမြို့နယ် အထက(၂) ဘောလုံးကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်မောင်သိန်း၊ မြန်မာနိုင်ငံ ဖူဆယ်ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးရဲထွဋ်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အနိုင်ရ

ဗိုလ်လုပွဲတွင် မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်အသင်းက ဟုမ်းလမ်းအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး ပထမတံခွန်စိုက်ဒိုင်းဆုကြီးကို ဆွတ်ခူးရရှိသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ရာ အကောင်းဆုံးဂိုးသမားဆုကို ဒုတိယရရှိသော ဟုမ်းလမ်းအသင်းမှ (ဂိုး)မျိုးမင်းထက်အား မြို့နယ်အတွင်းရေးမှူး ဦးမြင့်ဆွေက ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ ဂိုးသွင်းအများဆုံးဆုကို မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်အသင်းမှ အောင်သက်ဇင်အား ဒုတိယရဲမှူးတင်မောင်သိန်းက ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ အကောင်းဆုံးဘောလုံးသမားဆုကို မုန့်လက်ဆောင်းကုန်း တောင်ရပ်ကွက်အသင်းမှ သန်းထိုက်အား မြန်မာနိုင်ငံဖူဆယ်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်တင်က ဆုတံဆိပ်နှင့်ငွေသားကိုလည်းကောင်း၊ အနိုင်ရ ဗိုလ်စွဲသွားသော မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်က ပေးအပ်ချီးမြှင့်သည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးကျင်းပ

ပေါင် ဇန်နဝါရီ ၅

ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၀ရက် နံနက်၉နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ ဦးသိန်းဟန် (သထုံ-သိန်းဟန်)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်အောင်ဌေး **(ယာပုံ)**နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်သတင်းထောက်ဦးခင်မောင်ဝေ (မောင်စိမ်းညို-ပေါင်)တို့က အမှာစကားပြောကြားကြသည်။

ရွေးချယ်

ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့အစီရင်ခံစာနှင့်ဘဏ္ဍာရေးရှင်းတမ်းကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးအောင်မြင့်(ဘုန်းပြည့်တေဇာ)က ဖတ်ကြားရှင်းလင်းပြီးနောက် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌအဖြစ် မြို့နယ်သတင်းထောက် ဦးခင်မောင်ဝေ(မောင်စိမ်းညို-ပေါင်)၊ ဘဏ္ဍာရေးမှူး ဦးအေးသိဏ်း (သထုံ-အေးသိဏ်း)၊ အမှုဆောင်ဦးခင်မောင်ဦး(မောင်ဦး-ဥတ္တံတား)၊ အမှုဆောင် ဦးတင်မြင့် (သတင်းထောက်-မုတ္တမ)နှင့် အတွင်းရေးမှူး ဦးအောင်မြင့်(ဘုန်းပြည့်တေဇာ)တို့ ပါဝင်သော မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့အမှုဆောင်ငါးဦးကိုရွေးချယ်ကြပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို) ညီလာခံကိုယ်စားလှယ်အဖြစ် မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ မြို့နယ်သတင်းထောက် ဦးခင်မောင်ဝေ (မောင်စိမ်းညို-ပေါင်)ကို ရွေးချယ်ကြကြောင်းသိရသည်။ **(၁၇၆)**

ပြည်နယ်/တိုင်း ဘီလိယက်နှင့် စနူကာပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၉ခုနှစ် နဝမအကြိမ် ပြည်နယ်နှင့်တိုင်းဘီလိယက်နှင့်စနူကာပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂ရက် ညနေ၃နာရီက ရန်ကုန်မြို့ ဒိုင်းမွန်းဘီလိယက်နှင့်စနူကာစင်တာ၌ကျင်းပရာ မြန်မာနိုင်ငံဘီလိယက်နှင့်စနူကာအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းမြင့်က မြန်မာဘရူဝါလီမိတက် အထွေထွေမန်နေဂျာ ဦးအောင်ဟန်နှင့် မြန်မာဗျူဝါရီကုမ္ပဏီလီမိတက် ဒါရိုက်တာမန်နေဂျာ ဦးရဲမြတ်စိုးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ချီးမြှင့်

ထို့နောက် တစ်ဦးချင်း စနူကာပြိုင်ပွဲတွင် ပထမရရှိသော လှထွန်း ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဒုတိယရရှိသော မင်းလေပြေ (မန္တလေး)၊ တတိယရရှိသော မျိုးမင်းအောင် (ရန်ကုန်တိုင်း)၊ တစ်ဦးချင်း ဘီလိယက်ပြိုင်ပွဲတွင် ပထမရရှိသော ချစ်ကိုကို (မွန်ပြည်နယ်)၊ ဒုတိယရရှိသော ဇော်လင်းနု(ရန်ကုန်တိုင်း)၊ တတိယရရှိသော မင်းမင်းဦး(ရန်ကုန်တိုင်း)၊ အသင်းလိုက် စနူကာပြိုင်ပွဲတွင် ပထမရရှိသော မွန်ပြည်နယ်အသင်း၊ ဒုတိယရရှိသော စစ်ကိုင်းတိုင်းအသင်း၊ တတိယရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း၊ အသင်းလိုက် ဘီလိယက်ပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းအသင်း၊ ဒုတိယရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းနှင့်တတိယရရှိသော စစ်ကိုင်းတိုင်းအသင်းတို့အား တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

တံခွန်စိုက်ဆုဖလား

ထို့နောက် နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘီလိယက်နှင့် စနူကာပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော မွန်ပြည်နယ်အသင်းအား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ဆုချီးမြှင့်ပေးအပ်သည်။

(ဘီလိယက်နှင့်စနူကာအဖွဲ့ချုပ်)



လမ်းသစ်စာကြည့်တိုက် မိုင်းဆတ်၌ တည်ဆောက်

မိုင်းဆတ် ဇန်နဝါရီ ၆

မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် မယ်နင်ကျေးရွာအုပ်စု နောင်ဖာကျေးရွာတွင် လမ်းသစ် စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်လျက်ရှိရာ ဒီဇင်ဘာ ၃၀ရက် နံနက် ၁၁နာရီက မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်စိုးဝင်း၊ နယ်မြေစည်းရုံးရေးတာဝန်ခံ ဦးလှမျိုးအောင်(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)တို့သည် စာကြည့်တိုက်အဆောက်အအုံ တိုင်ထောင်၊ သွပ်မိုးပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြရာ ကျေးရွာဥက္ကဋ္ဌ ဦးတင်မြင့်က နောင်ဖာကျေးရွာ လမ်းသစ်စာကြည့်တိုက် ဆောက်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။**(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ပုဂံညောင်ဦးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၈

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဒီဇင်ဘာ ၂၀ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မှန်ကျောင်းဓမ္မသုခကျောင်းတိုက်၌ကျင်းပရာ နာယက ဒေါက်တာလွန်းဝေနှင့် ဥက္ကဋ္ဌ ဦးသိန်းအောင်တို့က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးဦးထွန်းအောင်ရှိန်က အလုပ်အမှုဆောင်အဖွဲ့၏အစီရင်ခံစာကို ဖတ်ကြားကာ စာရင်းစစ်ဦးယုတင်က ငွေစာရင်းရှင်းတမ်းကို တင်ပြသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌဦးသောင်းညွှန့်က အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး အသင်း၏မိသားစုဝင် သက်ကြီးအဘိုးအဘွား ၄၇ဦးတို့အား လက်ဆောင်ပစ္စည်းတို့ဖြင့် စုပေါင်း ပူဇော်ကန်တော့ကြသည်။ ထို့နောက် နာယက၊ဥက္ကဋ္ဌနှင့် အမှုဆောင်များက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင် ဆရာကြီးဆုရ နာယက ဦးစိန်ထွန်း၊ ဦးဘစောနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦး အပါအဝင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အသင်းဝင်တို့၏ သားသမီးကိုးဦးအားဂုဏ်ပြု ဆုများချီးမြှင့်ပေးအပ်သည်။ **(၁၃၅)**

လွတ်လပ်ရေးနေ့ အခမ်းအနား မြဝတီ၌ကျင်းပ

မြဝတီ ဇန်နဝါရီ ၆

၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မြဝတီခရိုင် မြဝတီမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး သောင်ရင်းခန်းမ၌ ဇန်နဝါရီ ၄ရက်က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သောသဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ဖတ်ကြားသည်။ ထို့နောက် ၂၀၀၉ခုနှစ်အတွင်း ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့်ပြိုင်ပွဲများတွင် မြဝတီခရိုင်၏ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသည့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ရာ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ ဗဟိုအဆင့်၌ တတိယဆုရရှိသူ မဝင်းပပလှိုင် အထက(မြဝတီ)အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ဆုချီးမြှင့်သည်။**(အပေါ်ပုံ)** ဆက်လက်၍ ပြည်နယ်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများနှင့် ဒုံးအကပြိုင်ပွဲ အကဘက်စုံ ပထမဆုရရှိခဲ့သော မြဝတီခရိုင်ကိုယ်စားပြု ဒုံးယိမ်းအဖွဲ့၊ အကြိမ်များစွာသွေးလှူဒါန်းခဲ့သော သွေးလှူရှင်များနှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ၌ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ **(၁၀၁)**

ဒီဇင်ဘာ ၄ရက်က အသက်(၁၄)နှစ်အောက် ရန်ကုန်တိုင်း ကျောင်းပေါင်းစုံ ကြက်တောင်ရိုက်ပွဲ (လူသစ်တန်း)တွင် ပထမဆုရ အထက(၃) ကမာရွတ် ကြက်တောင်ရိုက်အသင်းအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်၊ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၃ရက်က အဆိုပါကျောင်းမေတ္တာရောင်ခြည်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဌေးက တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သော မစုလှိုင်ထက်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

နေပြည်တော် စည်ပင်သာယာရေးကော်မတီပြခန်းတွင် ကျောင်းသား ကျောင်းသူများ ဤသို့ စိတ်ဝင်တစား လာရောက်ကြည့်ရှုကြသည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲပြိုင်ပွဲ လာရောက်လေ့လာကြည့်ရှုကြသူများဖြင့် စည်ကားများပြားနေ

သတင်းခရီးသည်-မြင့်မောင်စိုး ❖ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) ❖ စာမျက်နှာဖွဲ့စည်းမှု-တိုးလွင်(မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၈

ယာဉ်မတော်တဆမှုများ လျော့ပါးစေရန်နှင့် ပြည်သူအများ သတိမူ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးပြီး တတိယအကြိမ်မြောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ပြိုင်ပွဲကို ဇန်နဝါရီ ၈ရက် နံနက်ပိုင်းက တတိယနေ့အဖြစ် နေပြည်တော်ပျဉ်းမနားမြို့ အောင်မင်္ဂလာကားကွင်း၌ ဆက်လက် ခင်းကျင်းပြသလျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ပင်နီစီလင်ပိုးသတ်ဆေး အလွန်အကျွံသုံးမှု နှလုံးရောဂါဖြစ်နိုင်

နှလုံးမှ သွေးမရရှိ၍ နှလုံးကြွက်သားများ ပျက်စီးသည့် နှလုံးရောဂါသည် နံနက်ပိုင်းတွင် ပိုမိုဖြစ်တတ်ကြောင်း၊ နံနက် ၉နာရီတွင် အဖြစ်များကြောင်း နှလုံးရောဂါအထူးကု ဆေးပညာရှင်များက ပြောကြားသည်။

မတန်တဆစားသောက်တတ်မှု

အဆိုပါ နှလုံးရောဂါအဖြစ်များသည့်ရက်မှာ တနင်္လာနေ့ ဖြစ်ကြောင်း၊ အားလပ်ရက်ဖြစ်သည် နှင့်အညီ စနေနှင့် တနင်္ဂနွေနေ့များတွင် မတန်တဆ စားသောက်တတ်သည့်အတွက် ယင်းသို့ဖြစ်ရကြောင်း နှလုံးရောဂါအထူးကု ဆေးပညာရှင် မိုဟာမက်ဂျာဗက်က ပြောကြားသည်။

ပိုမိုအဖြစ်များ

ထို့ပြင် ဆောင်းဦးပေါက်နှင့် ဆောင်းရာသီတွင် ထိုရောဂါ ပိုမိုအဖြစ်များကြောင်း တွေ့ရပြီး အမျိုးသားများ ဆေးလိပ်သောက်ခြင်းကြောင့်လည်း ရောဂါဖြစ်တတ်သည်။ ပင်နီစီလင်ပိုးသတ်ဆေးများ အလွန်အကျွံ သုံးခြင်းမှာလည်း နှလုံးရောဂါဖြစ်စေသည့် အကြောင်းရင်းတစ်ခု ဖြစ်ကြောင်း ပညာရှင်များက သတိပေးထားသည်။ ။

ထူးခြားသည့် ညအပူချိန်

၈-၁-၂၀၁၀

လွိုင်လင်မြို့	၀	ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၂	ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၃	ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၃	ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့	၃	ဒီဂရီစင်တီဂရိတ်

တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။